# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၂၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် သချ်ာစွမ်းရည်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ *စာမျက်နှာ ၃ ကော်လံ ၁* ◆




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လူရည်ချွန်ဆုရရှိသူ မောင်လမင်းထွန်း အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ်စရာ**



ပြည်သူတွေရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို ဖျက်ဆီးတဲ့ သောင်းကျန်းသူတွေ နိဂုံးချုပ်ချိန်ရောက်ပြီ — ဆောင်းပါး စာ ၆

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် — ပြည်တွင်းသတင်း စာ ၁၆

မြန်မာ့အလင်း

## ဌာနဆိုင်ရာအယောင်ဆောင် အွန်လိုင်းငွေကြေးလိမ်လည်မှု

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ပြည်တွင်းအခွန်များဦးစီးဌာန၏ အမည်နှင့်တံဆိပ် (Logo)ကို အသုံးပြု၍ အွန်လိုင်းငွေကြေး လိမ်လည်မှုများ ဖြစ်ပွားနေခြင်းနှင့်စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများ အထူးသတိပြုကြရန် သက်ဆိုင်ရာဌာနက အသိပေးကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ အဆိုပါ အသိပေးကြေညာချက်တွင် မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား ဆက်သွယ်တောင်းခံခြင်းအစရှိသည့် ထူးခြားဖြစ်စဉ်များ ကြုံတွေ့ရပါက ပြည်တွင်းအခွန်များဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ရန် တယ်လီဖုန်းနံပါတ်များကိုလည်း ဖော်ပြထားသည်။

အများပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင် အင်တာနက် အွန်လိုင်းသုံးစွဲမှု များပြားလာသည်နှင့်အမျှ ဆိုက်ဘာနယ်ပယ်သည်လည်း ဒုစရိုက်သမားတို့၏ စားကျက်အသစ်တစ်ခု ဖြစ်လာသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် အွန်လိုင်းပေါ်၌ ပြစ်မှုကျူးလွန်မှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ရာ မိမိတို့နိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၏ ၂၀၂၃ ခုနှစ်က ထုတ်ပြန်သည့် အစီရင်ခံစာအရ အွန်လိုင်းလိမ်လည်မှုအများဆုံး ကျူးလွန်သည့်ပုံစံ (၅) မျိုးမှာ (၁) Application များ၊ Website အတုများ အသုံးပြု၍ သတင်းအချက်အလက်များ ရယူလိမ်လည်ခြင်း (Phishing Fraud)။ (၂) ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းအယောင်ဆောင်၍ လိမ်လည်ခြင်း (Social Media and Telecommunication Fraud)။ (၃) အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း (Online Romance Fraud)။ (၄) အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကြောင်းပြ၍ လိမ်လည်ခြင်း (Online Trading/ Trading Platform Fraud)။ (၅) အလုပ်အကိုင်ရရှိမည်ဟု အကြောင်းပြ၍ လိမ်လည်ခြင်း (Employment Scam) တို့ဖြစ်သည်ဟု သိရသည်။

ပြည်တွင်းအခွန်ဦးစီးဌာနမှ ဝန်ထမ်းအယောင်ဆောင်၍ စီးပွားရေးလုပ်ငန်းရှင်အချို့ထံ Viber မှတစ်ဆင့် ဆက်သွယ်လိမ်လည်ခဲ့သည့်ဖြစ်စဉ်မှာ အထက်တွင်ဖော်ပြထားသည့် အွန်လိုင်းလိမ်လည်မှုပုံစံ (၅) မျိုးအနက်မှ အမှတ်စဉ် (၂) ဖြစ်သော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းအယောင်ဆောင်၍ လိမ်လည်သည့် အမျိုးအစားမျိုးပင်ဖြစ်သည်။ အခွန်ဆောင်ရန်ဟူသော အကြောင်းပြချက်ဖြင့် စီးပွားရေးလုပ်ငန်းရှင်၏ Viber နံပါတ်သို့ အွန်လိုင်းလိမ်လည်သူက ကနဦးဆက်သွယ်အကြောင်းကြားခြင်း၊ ၎င်းနောက်တွင် ဖုန်းခေါ်ဆို၍ Viber မှတစ်ဆင့် ပေးပို့ထားသည့် အချက်အလက်များ မှန်ကန်မှုရှိ မရှိ စစ်ဆေးပေးရန်ဟု ပြောကြားကာ Link တစ်ခုပေးပြီး အဆိုပါ Link ထဲသို့ ဝင်ရောက်စစ်ဆေးပေးရန် ညွှန်ကြား၍ Link ထဲသို့ ဝင်စေခြင်း စသည်ဖြင့် မိမိ၏ကိုယ်ရေးအချက်အလက်ကို တိုက်ရိုက်တောင်းယူခြင်းမဟုတ်ဘဲ သွယ်ဝိုက်၍ ရယူခြင်းဖြစ်သည်။ ယခင်က K-Pay၊ Wave-Pay ကဲ့သို့သော မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်း၊ ဘဏ်ဝန်ထမ်းကဲ့သို့ ဟန်ဆောင်ပြီး လိမ်လည်ခဲ့ကြရာမှ ယခုနောက်တစ်ဖန် ဌာနဆိုင်ရာ ရုံးတံဆိပ်ကိုသုံးစွဲ၍ ဝန်ထမ်းအယောင်ဆောင် လိမ်လည်လာကြခြင်းဖြစ်သည်။ အခွန်ဆောင်ပြည်သူများကို အဓိကပစ်မှတ်ထား လိမ်လည်လာကြခြင်းလည်းဖြစ်သည်။ နောင်တွင်လည်း အွန်လိုင်းပေါ်မှ ငွေကြေးလိမ်လည်မှုများ ပုံစံအမျိုးမျိုးနှင့် ပြုလုပ်လာကြဦးမည်ဖြစ်ရာ မိမိတို့၏ လျှို့ဝှက်အပ်သော ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာထားရှိရန်နှင့် သတိကြီးစွာ ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်မည်ဖြစ်သည်။ မိမိ၏ ကိုယ်ရေးအချက်အလက်နှင့်စပ်လျဉ်း၍ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သက်ဆိုင်ရာဘဏ် သို့မဟုတ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဌာနဆိုင်ရာသို့ တိုက်ရိုက်ဆက်သွယ်ကြရန် သတိရှိကြဖို့လိုသည်။

အွန်လိုင်းလိမ်လည်မှုများသည် အထက်တွင်ဖော်ပြခဲ့သော ပုံစံ(၅) မျိုးအနက်မှ တစ်မျိုးမျိုးဖြင့် လိမ်လည်နေကြပြီး တစ်နှစ်ထက်တစ်နှစ်လည်း ပိုမိုများပြားလာနေသည်ဟု ဆိုသည်။ အွန်လိုင်းလိမ်လည်မှုများကြောင့် မြန်မာပြည်သူများအတွင်း နှစ်စဉ်ငွေကျပ်သန်းပေါင်း ၅၀၀၀ နှင့်အထက် ဆုံးရှုံးနေသည်ဟုဆိုရာ လိမ်လည်မှုဘေးမှ ကင်းဝေးစေရေးအတွက် သတိတမန်၊ ဉာဏ်မြေကတုတ်ပြုကာ ခုနဥစ္စာတို့ကို ကောင်းစွာစောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။




**၂၆ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇ - ၈ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၈၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၅ | ၃၃၂၀ |
| 95 Ron | ၂၉၈၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၀၅ | ၃၀၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၀၅ | ၃၁၄၀ | ၃၃၈၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၀ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၀ | ၂၆၁၀ | - | ၂၉၀၅ | ၂၆၂၅ | ၂၆၃၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၈၅ | ၂၉၄၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၈၅ | ၃၂၁၅ | ၄၈၃၀ | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |
| HSD (10 ppm) | ၃၀၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၈၅ | ၃၂၁၅ | - | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၉ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၃၈၃ | ၂၄၆၀ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၅၉ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ မောင်အောင်ပြေဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ လူရည်ချွန်ဆုရရှိသူ မမေပြည့်စုံကျော်သူအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

◆ *ရွှေဖုံးမှ*

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်၊အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှုတာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ ကြေညာပြီးချိန်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများ၊ စစ်သည်များနှင့် ဘက်စုံထူးချွန်လူငယ်များကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကစ၍ နှစ်စဉ်ဂုဏ်ပြုခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအခမ်းအနားအပါအဝင် (၁၄) ကြိမ်ရှိပြီဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း/စစ်သည်အစားခန့် အရပ်သား အမှုထမ်းများ၏ သားသမီးများထဲက ခြောက်ဘာသာဂုဏ်ထူးရှင် ၂၀၊ ငါးဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၈၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရစစ်သည်တစ်ဦး၊ အောင်ချက်အကောင်းဆုံး တပ်မတော်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် လူရည်ချွန်ဆုရရှိသူ မဆုလင်းထက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းနှင့် အောင်ချက်အကောင်းဆုံး တပ်မတော်ပညာရေးကျောင်း သုံးကျောင်းတို့ကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လူရည်ချွန်ဆုရရှိသူ ၄၃ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူ နှစ်ဦး၊ သင်္ချာစွမ်းရည်ဆုရရှိသူ တစ်ဦးတို့ကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အလိုက် ပြုလုပ်သည့် ဆုချီးမြှင့်ခြင်းအခမ်းအနားများတွင် သုံးဘာသာဂုဏ်ထူးရှင် ၂၄၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၃၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၉၇ ဦးနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူ ၇၈ ဦးတို့ကိုလည်း ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း။

**မင်္ဂလာတရားတော်နှင့်အညီဆောင်ရွက်**

ကျောင်းနေစဉ်ကာလတွင် မိမိတို့ ကျေပွန်အောင်ထမ်းဆောင်ရမည့် ပညာရေးတာဝန်ကို ထူးချွန်စွာကျေပွန်အောင် ကြိုးစားခဲ့သည့်အတွက် လူရည်ချွန်ဆုရရှိသူများအတွက် တစ်ဦးလျှင် ရွှေသုံးမတ်သား၊ တက္ကသိုလ်ဝင်တန်းဂုဏ်ထူး သုံးဘာသာနှင့် အထက်ရရှိသူများကို တစ်ဘာသာလျှင် ရွှေတစ်မတ်သား၊ ဂုဏ်ထူးတစ်ဘာသာနှင့်အထက်ရရှိသည့် စစ်သည်များကို တစ်ဘာသာလျှင် ရွှေတစ်မတ်သား၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူများကို ပထမဆု ရွှေသုံးမတ်သား၊ ဒုတိယဆု ရွှေငါးမူးသား၊ တတိယဆု ရွှေတစ်မတ်သား နှုန်းစီနှင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပြသပေးခဲ့ကြသည့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအားလုံးနှင့် တပ်မတော်ပညာရေးတာဝန်ခံ တာဝန်ရှိသူများအားလုံးကိုလည်း အသိအမှတ်ပြုဂုဏ်ယူပါကြောင်းနှင့် အောင်ချက်များ ကောင်းမွန်အောင် စွမ်းဆောင်ခဲ့ကြသည့် သက်ဆိုင်ရာကျောင်းအသီးသီးက တာဝန်ရှိသူများကိုလည်း ယနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**ဆက်လက်ကြိုးစားသွားကြရမည်**

ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပညာအဆင့်ကို တတ်မြောက်အောင်မြင်ပြီးသည့်နောက် မကြာမီတွင် တက္ကသိုလ်အသီးသီးကို ဆက်လက်တက်ရောက်ကာ အဆင့်မြင့်ပညာရပ်များ ဆည်းပူးကြရဦးမည်ဖြစ်ကြောင်း၊ ပညာဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ရှာဖွေနေခြင်းပင်ဖြစ်ကြောင်း၊ ပညာပြည့်ဝမှသာ မိမိတို့ဆန္ဒရှိသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ခြင်းကြောင့် ရှိထားပြီးသား အလေ့အကျင့်ကောင်းနှင့် ခံယူချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရန် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ **"ပညာရဲရင့်ပွဲလယ်တင့်"** ၊ **"ပညာရွှေအိုး ၊ လူမခိုး"** ဆိုသည့် အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး **"ငယ်စဉ်အခါ ပညာရှာ"** ဆိုသည့် စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာရှာဖွေရန် တိုက်တွန်းထားခြင်းပင်ဖြစ်ကြောင်း၊ **"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရှာဖွေသည့်အခါတွင် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့်အတူ စည်းကမ်းလိုက်နာကြရန်လည်း အရေးကြီးကြောင်း၊ နိုင်ငံတော် စဉ်ဆက်မပြတ်တိုးတက်စေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **"အမျိုးသားပညာရေးကဏ္ဍ"** ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပံ့ပိုးပေးနေသကဲ့သို့ မိမိတို့တပ်မတော်အနေဖြင့်လည်း တပ်မတော်ထဲဝင်ရောက်အမှုထမ်းခဲ့ကြသည့် စစ်သည်များထဲမှ ပညာရေးတစ်ပိုင်းတစ်စနှင့် ဝင်ရောက်လာသူများရှိသည့်အတွက်ကြောင့် အဆိုပါစစ်သည်များ၏ ဘဝတိုးတက်မှုနှင့် တပ်မတော်စွမ်းရည်မြင့်မားစေရန် တပ်မတော်ပညာရေး သင်တန်းကျောင်းများတွင် အတန်းလိုက် သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသည့် စစ်သည်တော် ကောင်းများ ပေါ်ထွက်လာအောင် ပညာရေးကို အားပေးလျက်ရှိသကဲ့သို့ ယနေ့အချိန်တွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများရရှိရန်အတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါနိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အသွေးပြည့်ဝသည့် လူငယ်များ၏အား အများကြီး လိုအပ်ကြောင်း၊ **"ပညာ"** ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ပင်ဖြစ်ကြောင်း။

**အဓိကအခန်းကဏ္ဍက ပါဝင်နေ**

ပညာရေးသည် တစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင်တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီသဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့် အခါတွင် ပညာတတ်မြောက်မှု အရည်အသွေးမြင့်မားရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များရှိကြရန် လိုကြောင်း၊ အခြေခံပညာသင်ကျောင်းများတွင် သင်ပေးလိုက်သည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များသည် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတ ပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း အသိပေးပြောကြားလိုကြောင်း။

*စာမျက်နှာ ၄ သို့*

❑ **ယနေ့အခမ်းအနားတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်း/စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများထဲက ခြောက်ဘာသာဂုဏ်ထူးရှင် ၂၀၊ ငါးဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၈၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရစစ်သည်တစ်ဦး၊ အောင်ချက်အကောင်းဆုံး တပ်မတော်အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းနှင့် အောင်ချက်အကောင်းဆုံး တပ်မတော်ပညာရေးကျောင်း သုံးကျောင်း တို့ကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုများချီးမြှင့်ပေးသွားမည်**

*စာမျက်နှာ ၃ မှ*

ယခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပညာရေးကဏ္ဍအပါအဝင် အခြားလူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိန်ခေါ်မှုများ ရှိခဲ့သော်လည်း မိဘ၊ ဆရာ၊ ကျောင်းသားနှင့် အစိုးရ၊ ပြည်သူအားလုံး လက်တွဲညီညီဆောင်ရွက်ခဲ့မှုများကြောင့် အချိန်တိုအတွင်းမှာပင် အဆိုးရွားဆုံးအခြေအနေများကနေ ပြန်လည်ရုန်းထွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပညာရေးကဏ္ဍတွင် နောက်ကျမှုမရှိရလေအောင် အချိန်နှင့်တစ်ပြေးညီ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် မမေ့နိုင်ဖွယ် မှတ်တမ်းတစ်ခုပင်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကို အရှုံးမပေးဘဲ မလျော့သော ဇွဲလုံ့လတို့နှင့် ကြိုးစားအားထုတ်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ၊ ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်တန်းများကို အားသွန်ခွန်စိုက် သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများနှင့် သက်ဆိုင်ရာကျောင်းအသီးသီးက လေ့ကျင့်သင်ကြားရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် ဆရာ ဆရာမများ စသည့်ပညာရေးတာဝန်ခံအားလုံးကို အသိအမှတ်ပြုပါကြောင်းကို လေးလေးနက်နက် ပြောကြားလိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် သချ်ာစွမ်းရည်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ထူးထူးချွန်ချွန်နှင့် ပြီးမြောက်အောင်မြင်အောင် ကြိုးစားနိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ထိုသို့ အောင်မြင်မှုကိုရရှိရန် မလွယ်ကူသည်ကို ပိုင်ဆိုင်ထားပြီးသား အလေ့အကျင့်ကောင်းနှင့် စည်းကမ်းလိုက်နာမှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့သားကောင်းများ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

## မှန်ကန်သည့်လမ်းညွှန်မှု ပြသပေး

မိမိတို့နိုင်ငံ၏ ကောင်းမွန်သည့်သမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှု၊ ဇာတိသွေး ဇာတိမာန်ထက်သန်မှု၊ နိုင်ငံချစ်စိတ်၊ ဓလေ့ထုံးစံများကို ကျောင်းနေစဉ်အရွယ်မှာကတည်းက သိနားလည်အောင် တာဝန်ရှိ ဆရာ ဆရာမများက သင်ကြားပျိုးထောင်ပေးခဲ့ပြီဖြစ်ကြောင်း၊ ဘာသာရပ်တစ်ခုစီတိုင်းတွင် လေးနက်သည့်အဓိပ္ပာယ်များ ဖော်ဆောင်နေလျက်ရှိကြောင်း၊ မိမိတို့ သင်ယူခဲ့သည့် ပညာရပ်အားလုံးအသိပင်ဖြစ်ကြောင်း၊ ဆက်လက်ပြီး မိမိတို့ ဝါသနာပါရာ တက်ရောက်ခွင့်ရှိသည့် တက္ကသိုလ်များတွင် အဆင့်မြင့်ပညာရပ်များကို သင်ယူကြရဦးမည်ဖြစ်ကြောင်း၊ သိပ္ပံဘာသာရပ်ဖြစ်စေ၊ ဝိဇ္ဇာဘာသာရပ်ဖြစ်စေ အားလုံးသည် အဖိုးတန်ပညာရပ်များပင်ဖြစ်သည်ကို သိရှိနားလည်ပြီး မည်သည့်ပညာရပ်မျိုးကိုမဆို တိုင်းပြည်တည်ဆောက်ရေးအတွက် အသုံးဝင်လျက်ရှိသည်ကို အားလုံးသိထားကြရန်လိုကြောင်း၊ ယနေ့ကမ္ဘာကြီးသည် နည်းပညာဆန်းများကြောင့် အချိန်နှင့်အမျှ ပြောင်းလဲနေကြောင်း၊ ထိုသို့ ပြောင်းလဲမှုနှင့်အတူ မိမိတို့က လိုက်ပါနိုင်စွမ်းရှိအောင် ကြိုးစားနေရကြရန်နှင့် ထိုသို့ ပြောင်းလဲမှုနှင့်အတူ ကြိုးစားသည့်အခါတွင် သတင်းမီဒီယာခေတ်နှင့်အညီ မျက်ခြည်မပြတ် လိုက်ပါနေရန် လိုအပ်သကဲ့သို့ ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းနောက်တွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့စရိုက်အစဉ်အလာကောင်းများ တိမ်မြုပ်မသွားအောင်လည်း ဆင်ခြင်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ သတင်းတုသတင်းမှားများသည် လူတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို သိမ်းသွင်းဖြားယောင်းလျက်ရှိကြောင်း၊ ထိုအပေါ်တွင် မှန်ကန်သည့် သတိ၊ အသိ၊ ပညာတို့နှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိကြရန်လိုကြောင်း။

ထိုသို့ ဆင်ခြင်သုံးသပ်နိုင်ရန်အတွက် မိဘဆရာသမားတို့၏ အဆုံးအမများကို နာခံခြင်းအပြင် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းကလည်း အကျိုးရှိသည့် လုပ်ရပ်တစ်ခုပင်ဖြစ်ကြောင်း၊ ကျောင်းစာများအပြင် မိမိတို့အတွက် သုတ၊ ရသပြည့်ဝစေမည့် စာပေများကို ဖတ်ရှုရင်း ဘဝတိုးတက်မှုကိုရှာဖွေကြရန်၊ လူ့ဘဝ ရောက်လာသည့်အခိုက်တွင် ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံအကျိုးနှင့် လူ့လောကကို သာယာစေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့မှသာ လူပီသမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းတစ်ဦး ပီသအောင် နေထိုင်ကျင့်ကြံခြင်းသည်လည်း အဖိုးတန်လူသားကောင်းတစ်ဦးအဖြစ် ဂုဏ်ဝင့်ထည်စေမည်ဖြစ်ကြောင်း၊ လူငယ်များပီပီ လေ့လာစူးစမ်းမှုပြုခြင်းသည် ကောင်းသော်လည်း မကောင်းသည့်အပြုအမူများအပေါ် မစူးစမ်းခြင်းသည် မိမိအတွက်သာမက မိသားစုနှင့် နိုင်ငံတော်အတွက် ထိခိုက်ဆုံးရှုံးမှုများမှ ကာကွယ်တားဆီးပေးမည်ဖြစ်ကြောင်း၊ စည်းကမ်းရှိမှ တိုးတက်မည်ဖြစ်ခြင်းကြောင့် ယနေ့အချိန်အထိ များအပေါ် ပိုင်းခြားစိတ်ဖြာနားလည်မှုရှိပြီး နောက်ထပ်တွေ့ဆုံရမည့် မျိုးဆက်သစ်များကိုပါ မှန်ကန်သည့် လမ်းညွှန်မှု ပြသပေးနိုင်ကြရန်လိုကြောင်း။

ထို့ပြင် ကျောင်းသား ကျောင်းသူများအနေဖြင့် **“တပ်မတော်သာအမိ၊ တပ်မတော်သာ အဖ”** ဆိုသည့်အတိုင်း တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးနောက် အငြိမ်းစားယူခဲ့ကြသည့် စစ်မှုထမ်းဟောင်းများ၏ သား/သမီးများဖြစ်ကြသကဲ့သို့ ဂုဏ်ပြုဆုချီးမြှင့်ခံရသည့် စစ်သည်များသည်လည်း စစ်မှုထမ်းဆဲ တပ်မတော်သားများဖြစ်ကြသည့်အတွက် တပ်မတော်၏ ထီးအရိပ်အောက်တွင် နေထိုင်ကြီးပြင်းလျက် ပညာများရှာဖွေဆည်းပူးရာမှ ယခုကဲ့သို့ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ စစ်သည်များဖြစ်လာခဲ့ကြခြင်းဖြစ်၍ မိမိတို့၏ ရှေ့ဘဝခရီးလမ်းတစ်လျှောက် တပ်မတော်ကြီး၏ ဂုဏ်ကျေးဇူးများကို မမေ့မလျော့ကြဘဲ ကျရာအခန်းကဏ္ဍများတွင် သစ္စာရှိမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှုများနှင့် ကျေးဇူးတရား တုံ့ပြန်နိုင်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

## အရေးကြီးသည့် ပထမခြေလှမ်းတစ်ခုဖြစ်

မကြာမီကာလအတွင်း မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကိုလည်း နိုင်ငံတော်ကနေ အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနေကြောင်း၊ ပြည်သူများ မျှော်လင့်နေကြသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီ ရောက်ရှိရန်အတွက် ရွေးကောက်ပွဲသည် အရေးကြီးသည့် ပထမခြေလှမ်းတစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲကမှသာ ပြည်သူ့ဆန္ဒများကို ထုတ်ဖော်တင်ပြဆွေးနွေး တောင်းဆိုနိုင်မည့် လွှတ်တော်အသီးသီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ပေါက်လာပြီး *စာမျက်နှာ ၅ သို့*




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောလူရည်ချွန်ရရှိသူ မောင်ဟိန်းကျော်စွာအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

အစိုးရအဖွဲ့အစည်းဆိုတာလည်း ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီကျကျ သိက္ခာရှိသော၊ လွတ်လပ်သော၊ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပနိုင်မှလည်း သိက္ခာရှိသည့် လွှတ်တော်၊ သိက္ခာရှိသည့်ပြည်သူအများစုက ရွေးချယ်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီ အစိုးရ ပေါ်ထွက်လာမည် ဖြစ်ပြီး အဆိုပါအစိုးရကပင် မိမိတို့ လိုရာခရီးဖြစ်သည့် ဒီမိုကရေစီပန်းတိုင်ဆီ အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်းကို မိမိတို့ပြည်သူများအားလုံး၊ အဖွဲ့အစည်းများအားလုံးက သိရှိနားလည်ကြရန် အရေးကြီးကြောင်း။

ယခုကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဥပဒေနှင့်အညီ မဲပေးခွင့်မရှိသူများမှအပ ကျန်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အမတ်များဖြစ်စေရန် တတ်နိုင်သမျှ ကြိုးတင်စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း။

အသက်အပိုင်းအခြားပြည့်မီကြမည့် ကျောင်းသား ကျောင်းသူများသည်လည်း ရွေးကောက်ပွဲ၏ အခြေအနေများ၊ အနှစ်သာရတန်ဖိုးများကို သိရှိနားလည်ပြီး အခြားသော မိဘပြည်သူများနှင့်တန်းတူ မဲပေးနိုင်အောင်၊ မိမိတို့ရရှိသည့် အခွင့်အရေး မဆုံးရှုံးရလေအောင် ဆန္ဒမဲပေးကြရန် လိုအပ်ကြောင်း၊ ၎င်းသည် နိုင်ငံသားတစ်ယောက်အတွက် ရရှိသည့် အဖိုးတန်အခွင့်အရေးပင်ဖြစ်ကြောင်း။

**ဝိုင်းဝန်းထိန်းသိမ်းကာကွယ်**

အစိုးရနှင့် မိဘပြည်သူများဘက်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ အပြုသဘောဆောင်စွာ ကြိုးပမ်းနေချိန်တွင် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များသည်လည်း ရှိနေကြောင်း၊ ယင်းတို့သည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားသည့် နှောင့်ယှက်ဖျက်ဆီးမှုများပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ဆောင်ရွက်နေချိန်တွင် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်မှန်သမျှကို ပြည်သူအားလုံးပါဝင်ပြီး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရန်လိုကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရချိန်တွင် မှန်ကန်သည့် အသိဉာဏ်များနှင့် ဖြေရှင်းနိုင်အောင် ပညာဆိုသည့် ဝမ်းစာပြည့်ဝနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မည်သည့် အရွယ်ကိုပင်ရောက်ရောက် ပညာဆိုသည်မှာ ဆည်းပူး၍ မကုန်ဆုံးနိုင်သည့်အတွက် စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်သကဲ့သို့ **"အာရောဂျံ ပရမံ လာဘံ"** ဆိုသည့်အတိုင်း မိမိကျန်းမာရေးကို အနေအထိုင်၊ အသွားအလာ၊ အစားအသောက်က အစ ဂရုစိုက်ကြရန်လည်း လိုအပ်ကြောင်း၊ ရှိထားပြီးသား အလေ့အကျင့်ကောင်းများ၊ စာရိတ္တကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်အတွက် စစ်မှန်သည့် လုပ်အားများနှင့် အကျိုးပြုနိုင်သည့် မျိုးဆက်သစ်များ ဖြစ်အောင် ဆက်လက်ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းတို့တွင် (ပထမ၊ ဒုတိယ၊ တတိယ)ရရှိကြသူများ၊ သင်္ချာစွမ်းရည်ဆု (တတိယ) ရရှိသူ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ သုံးဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများ၊ လူရည်ချွန်ဆုရရှိသူနှစ်ဦး၊ သင်္ချာစွမ်းရည်ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က လူရည်ချွန်ဆုရရှိသူ သုံးဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၏ဇနီးက လူရည်ချွန်ဆုရရှိသူ လေးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆုများပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနိုင်ငံတို့အကြား နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်မှု၊ နယ်စပ်လုံခြုံရေး၊ နယ်နိမိတ်ရေးရာကိစ္စရပ်များနှင့် ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ဆက်လက်ပံ့ပိုးကူညီသွားမည့်အခြေအနေတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူတွေရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို ဖျက်ဆီးတဲ့ သောင်းကျန်းသူတွေ နိဂုံးချုပ်ချိန်ရောက်ပြီ

ကိုရေချမ်း



TNLA အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဂုတ်ထိပ်တံတား ထိခိုက်ပျက်စီးမှုအား တွေ့ရစဉ်။

ပြည်တွင်း၊ ပြည်ပမှ ခရီးသွားပြည်သူတွေ အလွယ်တကူ လည်ပတ်လေ့လာ အပန်းဖြေစရာနေရာတွေ မြန်မာပြည်မှာ အမြောက်အမြားရှိပါတယ်။ အဲဒီထဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရီးစဉ်နဲ့ ခရီးတစ်ဆက်တည်းဖြစ်တဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အဝင်က နောင်ချိုမြို့ဟာ ခရီးသွားပြည်သူတွေအတွက် စိတ်ဝင်စားစရာ မြို့တစ်မြို့ဖြစ်ပါတယ်။ နောင်ချိုမြို့ကို ရောက်တယ်ဆိုရင် လူသိများထင်ရှားကျော်ကြားတဲ့ တိမ်ပင်လယ်ဆီသွားမလား၊ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးဆီကို သွားမလား၊ သွားချင်တဲ့နေရာတွေကို အလွယ်တကူ သွားရောက် လည်ပတ်နိုင်ပါတယ်။ ဒီလိုအပန်းဖြေခရီးတွေဟာ လွန်ခဲ့တဲ့နှစ်တွေက သွားလာနိုင်တာတွေဖြစ်ပြီး အခုအချိန်မှာတော့ ပြည်သူတွေ လုံခြုံစိတ်ချစွာသွားလာနိုင်ဖို့ တပ်မတော်က ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။

နောင်ချိုမြို့ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၅၉ ပေမှာ တည်ရှိပါတယ်။ မြောက်ဘက်မှာ သပိတ်ကျင်းမြို့နယ်နဲ့ မိုးကုတ်မြို့နယ်၊ အရှေ့ဘက်မှာ ကျောက်မဲမြို့နယ်၊ တောင်ဘက်မှာ ရပ်စောက်မြို့နယ်နဲ့ အနောက်ဘက်မှာ ပြင်ဦးလွင်မြို့နယ်တွေ ဝန်းရံနေတဲ့ အချက်အချာကျတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်မဲ၊ သီပေါနဲ့ လားရှိုးမြို့တွေကို မန္တလေး-လားရှိုးကားလမ်းနဲ့ဖြစ်ဖြစ်၊ မီးရထားလမ်းနဲ့ဖြစ်ဖြစ် ဆက်သွယ်သွားလာနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့မြို့ဖြစ်ပါတယ်။ အဲဒီဒေသမှာ ဒေသခံပြည်သူတွေ အေးချမ်းပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်နိုင်တဲ့အခြေအနေတွေနဲ့ ခရီးသွားပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်လည်ပတ်မှုတွေကို ဖျက်ဆီးလိုက်တဲ့သူတွေကတော့ TNLA အကြမ်းဖက်သောင်းကျန်းသူတွေပဲ ဖြစ်ပါတယ်။

### အေးချမ်းသာယာတဲ့မြို့

နောင်ချိုဒေသမှာ ရှမ်း၊ ဓနု၊ ဗမာလူမျိုးတွေ အများဆုံးနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို အဓိက ကိုးကွယ်ကြကာ ဘာသာတရား အဆုံးအမနဲ့အညီ အေးချမ်းပျော်ရွှင်စွာ နေထိုင်ခဲ့ကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းဟာ နောင်ချို မြို့ရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေး၊ ခဲတ်သတ္တု၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ကြပါတယ်။ နောင်ချိုမြို့ ပတ်ဝန်းကျင်မှာ ရေတံခွန်တွေ၊ ထုံးကျောက်ဂူတွေ၊ သဘာဝသယံဇာတတွေ၊ တောတောင်ရှုခင်းအလှအပတွေ၊ မတူကွဲပြားတဲ့ လူမျိုးစုတွေ၊ သမိုင်းဝင်နေရာတွေ များစွာရှိနေပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်တဲ့ အတွက်ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားတွေ နှစ်စဉ်လာရောက်လည်ပတ်ကြလို့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားတွေ တိုးတက်စည်ပင်တဲ့ အေးချမ်းသာယာပြီး နေချင်စဖွယ်ကောင်းတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

ဒီလို အေးချမ်းသာယာပြီး ဖွံ့ဖြိုးမှုမြင့်မားနေတဲ့ နောင်ချိုမြို့ကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှ စတင်ပြီး တအာင်းလက်နက်ကိုင်လို့ခေါ်တဲ့ TNLA နဲ့ PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူတွေက ဖျက်ဆီးလိုက်ကြပါတယ်။ မြို့လုံခြုံရေးကို ဆောင်ရွက်နေတဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေကို အင်အားအလုံးအရင်းနဲ့ဝင်တိုက်ပြီး ဒေသခံ ပြည်သူတွေရဲ့ နေအိမ်တွေကို မီးရှို့ဖျက်ဆီးတဲ့အပြင် အများပြည်သူပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို လုယက်ယူဆောင်ခဲ့ကြပါတယ်။ ဒေသခံပြည်သူတွေဟာ ဘေးဒုက္ခကြီးစွာနဲ့ နီးစပ်ရာမြို့ရွာတွေမှာရှိတဲ့ ဆွေမျိုးတွေရဲ့ နေအိမ်တွေ၊ ယာယီတိုက်ပွဲရှောင်စခန်းတွေဆီကို မိမိတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ထားရစ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။ တပ်မတော်အနေနဲ့ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ကစတင်လို့ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးတွေနဲ့ တန်ပြန်တိုက်စစ်တွေ အဆင့်ဆင့် တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ဇူလိုင်လ ၁၅ ရက်နေ့အထိ ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းပြီး နောင်ချိုမြို့နဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။

### မိုင်းထောင်ဖျက်ဆီး

တပ်မတော်စစ်ကြောင်းတွေဟာ စစ်ဆင်ရေးကာလ ၁၁ လအတွင်း အသက်ကို ပဓာနမထားဘဲ TNLA အကြမ်းဖက်သောင်းကျန်းသူတွေကို ရှုပ်ရှုပ်ချုံချုံ ပြန်လည်တိုက်ခိုက်ချေမှုန်းခဲ့ရာ နောင်ချိုမြို့နဲ့ ပတ်ဝန်းကျင်တစ်ဝိုက်ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ပြီးနောက် အကြမ်းဖက်သောင်းကျန်းသူတွေဟာ ကျောက်မဲမြို့နယ်ဘက်ကို ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီဖြစ်လို့ နောင်ချိုဒေသခံတိုင်းရင်းသားပြည်တွေဟာ မိမိတို့ရဲ့ အိမ်နေရာတွေမှာ လုံခြုံစိတ်ချစွာနဲ့ ပြန်လည်နေထိုင်ကြပြီး ပုံမှန်အတိုင်း လုပ်ကိုင်ရှာဖွေစားသောက်နေကြပြီ ဖြစ်ပါတယ်။

နောင်ချိုမြို့ဟာ သာယာလှပပြီး စိတ်ဝင်စားစရာ မြို့တစ်မြို့ဖြစ်တာကြောင့် တည်ငြိမ်အေးချမ်းတဲ့ကာလတုန်းက ခရီးသွားလုပ်ငန်းတွေ အလွန်ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ကုန်းစံအုပ်စု ဂုတ်ထိပ်ကြိုးဝင်းအတွင်းက ဂုတ်ထိပ်တံတား၊ ဘန့်ဘွေးကျင်းရွာမှ သွားရောက်ရတဲ့ မောင်နှံခုနစ်ဖော်ရေတံခွန်၊ နောင်ချိုကြီးရွာအရှေ့ဘက်က နောင်ချိုကြီး တိမ်ပင်လယ်အပန်းဖြေစခန်း၊ မယ်ဟုံကျေးရွာလှေဆိပ်က သွားရတဲ့ ဒုဋ္ဌဝတီမြစ်ကျဉ်းပြောင်လှျိုရေကျစခန်းတွေဟာ ခရီးသွားတွေ စိတ်ဝင်စားတဲ့နေရာတွေဖြစ်ပါတယ်။

အခုအချိန်အခါမှတော့ နောင်ချိုဒေသကို တပ်မတော်က အပြီးတိုင်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ပေးနေပြီဖြစ်လို့ အပန်းဖြေစခန်းတွေ ပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားပြည်သူတွေ လာရောက်လည်ပတ်ကြကာ ပြန်လည်စည်ကားလာကြမှာကို မြင်ယောင်မိပါသေးတယ်။ ဒါပေမယ့် ခရီးသွားတွေစိတ်ဝင်စားတဲ့ ဂုတ်ထိပ်တံတားကြီးကတော့ တံတားကြီးရဲ့ မြောက်ဘက်ခြမ်း ကျောက်မဲမြို့နယ်ဘက်မှာ TNLA အကြမ်းဖက်သောင်းကျန်းသူတွေ ရှိနေသေးတာမို့ တံတားကြီးကို သွားရောက်လေ့လာဖို့ မလွယ်သေးပါဘူး။ အန္တရာယ်ရှိပါတယ်။

ဒီလိုအခြေအနေမှာ ဩဂုတ်လ ၂၄ ရက် နံနက်မှာတော့ ထိတ်လန့်တုန်လှုပ်စရာ စိတ်မကောင်းဖွယ်သတင်းတစ်ခုကို ကြားသိလိုက်ရပါတယ်။ တံတားကြီးကို TNLA အကြမ်းဖက်သောင်းကျန်းသူတွေက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလိုက်တဲ့ သတင်းဖြစ်ပါတယ်။ ကျောက်မဲမြို့ဘက်အခြမ်း တံတားရဲ့ ကမ်းကပ်ခုံ (AB–2)၊ တံတားတိုင်အမှတ်(P –16) နဲ့ ကမ်းကပ်ခုံ (AB–2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတား သံပေါင်နေရာတွေ ပျက်စီးသွားတယ်လို့ သိရပါတယ်။

### ရက်စက်ယုတ်မာမှု

အကြံပက်စက် ရက်စက်ယုတ်မာတဲ့လုပ်ရပ်ဖြစ်ပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၅ နှစ်တိုင်ရှိခဲ့ပြီး ကမ္ဘာကျော်တဲ့ ဂုတ်ထိပ်တံတားကြီးကို ဖျက်ဆီးလိုက်တာဟာ မြန်မာနိုင်ငံနဲ့ ပြည်သူတွေရဲ့ ဘဝကို ဖျက်ဆီးလိုက်တာနဲ့အတူတူပါပဲ။ ကြွက်မနိုင်၊ ကျီမီးနဲ့ရှို့သလို ဆင်ခြင်တုံတရားမရှိတဲ့ မိုက်မဲတဲ့လုပ်ရပ်လို့ ပြောရမှာဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံး မခံမရပ်နိုင်ဖြစ်ကြလို့ ကန့်ကွက်ရှုတ်ချနေကြတာလည်း တစ်နိုင်ငံလုံးဖြစ်ပါတယ်။

**တစ်နိုင်ငံလုံးက ဂုဏ်ယူရပြီး အများပြည်သူတွေ သုံးစွဲနေတဲ့ ဒီတံတားကြီးကို ဖျက်ဆီးလိုက်တဲ့ လုပ်ရပ်ဟာ TNLA နဲ့ PDF အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ ရက်စက်ယုတ်မာမှုဖြစ်ပါတယ်။** ဒါနဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့ ပြင်းထန်တဲ့ လက်တုံ့ပြန်မှုတွေ ဆက်လက်ဆောင်ရွက်သွားပါမယ်လို့ သိရပါတယ်။ ကမ္ဘာကျော်တဲ့ တံတားကြီးကို ဖျက်ဆီးလိုက်တာဟာ ဦးနှောက်မရှိတဲ့ TNLA အတွက် ကမ္ဘာပျက်မဲ့ကိန်းပါပဲ။

ဂုတ်ထိပ်တံတားကြီးဟာ မန္တလေး – လားရှိုး ရထားလမ်းပေါ်မှာရှိတဲ့ တံတားတစ်စင်းဖြစ်ပြီး နောင်ချိုဘူတာအလွန် ၇ မိုင်အကွာမှာ တည်ရှိပါတယ်။ ၁၈၉၉ ခုနှစ်က တည်ဆောက်ခဲ့တာဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့ပါတယ်။ ၁၉၀၃ ခုနှစ်ရောက်မှ စတင်အသုံးပြုပါတယ်။ ဗြိတိသျှကိုလိုနီဟာ

စာမျက်နှာ ၇ သို့

**❝ ကမ္ဘာပေါ်မှာ အမြင့်အားဖြင့် ဒုတိယဖြစ်လို့ ဂုတ်ထိပ်တံတားအဖြစ် ကမ္ဘာကျော်ခဲ့တာလည်း ဖြစ်ပါတယ်။ ခရစ်နှစ် ၁၈၉၇ ခုနှစ်မှာ ဗြိတိသျှအစိုးရက မန္တလေးမှ ဗန်းမော်သို့ မီးရထားလမ်းဖောက်လုပ်ရာ မန္တလေးမှ ကွမ်းလုံအထိ မီးရထားလမ်း ဖောက်လုပ်ဖို့လည်း လိုအပ်လာတာကို တွေ့ရှိတာကြောင့် ဂုတ်ထိပ်တံတားကို စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားမှာ မန္တလေးမှ ကွမ်းလုံ မီးရထားလမ်းရှိ နောင်ချိုဘူတာအလွန်မှာ မီးရထားမိုင်တိုင်အမှတ် ၄၆၃/၀-၉ ရှိတဲ့ ကျောက်ဂူကြီးအပေါ်ကို ဖြတ်ပြီး တောင်ထိပ် နှစ်ခုကို ဆက်သွယ်ထားပါတယ်။ ဂုတ်ထိပ်တံတားကို မြန်မာပြည်အစိုးရက အမေရိကန်နိုင်ငံ ပင်ဆီးလ်ဗေးနီးယားနဲ့ မေရီလန် တံတားဆောက်လုပ်ရေးကုမ္ပဏီကို ငှားရမ်းပြီး ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဆောက်လုပ်တဲ့ကုန်ကျငွေဟာ ထိုခေတ်က ငွေကျပ် ၁၆၉၈၂၀၀ ဖြစ်ပါတယ်❞**

*စာမျက်နှာ ၆ မှ*

အခြားမီးရထားလမ်း တံတားကြီးတွေလို မြစ်တွေ၊ ချောင်းတွေကို ဖြတ်ကျော်တည်ဆောက်ထားတာမဟုတ်ဘဲ ဂုတ်တွင်းလို့ခေါ်တဲ့ ဒေသမှာ ပေ ၃၀၀ ကျော် မတ်စောက်တဲ့ လျှိုကြီးနှစ်ဖက်ကို ဖြတ်ကျော် တည်ဆောက်ထားတာဖြစ်ပါတယ်။ ဂုတ်တွင်းကြီးထိပ်မှာ တည်ဆောက်ထားလို့ ဂုတ်ထိပ်တံတားလို့ ခေါ်ပါတယ်။ ရှမ်းဘာသာနဲ့ ငုပ်ထိပ်လို့ခေါ်ရာမှ ဂုတ်ထိပ် ဖြစ်လာတယ်လို့ဆိုပါတယ်။ တံတားအရှည် ပေ ၂၂၆၀ ရှိပြီး တံတားကြီးအောက်ခြေရှိ ရေမြောင်းကလေးရဲ့ ရေမျက်နှာပြင်မှ တိုင်းတာရင် ပေပေါင်း ၁၁၀၀ မြင့်ပါတယ်။ တံတားဆောက်လုပ်ရာမှာ သံနဲ့သံမဏိ တန်ချိန် ၄၃၁၁ တန်နဲ့ သံမှိုပေါင်း တစ်သန်းကို သုံးစွဲထားပြီး ခဲရာခဲဆစ် တည်ဆောက်ထားပါတယ်။

### မြေလှန်စနစ်အရ

ကမ္ဘာပေါ်မှာ အမြင့်အားဖြင့် ဒုတိယဖြစ်လို့ ဂုတ်ထိပ်တံတားအဖြစ် ကမ္ဘာကျော်ခဲ့တာလည်း ဖြစ်ပါတယ်။ ခရစ်နှစ် ၁၈၉၇ ခုနှစ်မှာ ဗြိတိသျှအစိုးရက မန္တလေးမှ ဗန်းမော်သို့ မီးရထားလမ်းဖောက်လုပ်ရာ မန္တလေးမှ ကွမ်းလုံအထိ မီးရထားလမ်းဖောက်လုပ်ဖို့လည်း လိုအပ်လာတာကို တွေ့ရှိတာကြောင့် ဂုတ်ထိပ်တံတားကို စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားမှာ မန္တလေးမှ ကွမ်းလုံ မီးရထားလမ်းရှိ နောင်ချိုဘူတာအလွန်မှာ မီးရထားမိုင်တိုင်အမှတ် ၄၆၃/၀-၉ ရှိတဲ့ ကျောက်ဂူကြီးအပေါ်ကိုဖြတ်ပြီး တောင်ထိပ်နှစ်ခုကို ဆက်သွယ်ထားပါတယ်။ ဂုတ်ထိပ်တံတားကို မြန်မာပြည်အစိုးရက အမေရိကန်နိုင်ငံ ပင်ဆီလ်ဗေးနီးယားနဲ့ မေရီလန်တံတား ဆောက်လုပ်ရေးကုမ္ပဏီကို ငှားရမ်းပြီး ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဆောက်လုပ်တဲ့ ကုန်ကျငွေဟာ ထိုခေတ်က ငွေကျပ် ၁၆၈၂၀၀ ဖြစ်ပါတယ်။

ဒီတံတားကြီးဟာ နမ္မတူသတ္တုတွင်း တူးဖော်ရေးလုပ်ငန်းရဲ့ သယ်ယူပို့ဆောင်ရေးမှာ အရေးပါပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးကိုလည်း များစွာ အထောက်အပံ့ပြုပါတယ်။ ဒီလိုအကြောင်းတွေကြောင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မဟာမိတ်တို့ရဲ့ မြေလှန်စနစ်အရ ဂုတ်ထိပ်တံတားကြီး ဖျက်ဆီးခြင်း ခံရဖူးပါတယ်။ ဒါပေမယ့်လည်း သံတိုင်အမှတ် ၂ နှင့် ၅ သာ ပျက်စီးခဲ့ပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံကနေ ဆုတ်ခွာပေးရတဲ့ ဂျပန်တွေဟာ တံတားရဲ့ အမြင့်ဆုံးတိုင်တွေဖြစ်တဲ့ သံတိုင်အမှတ် ၉၊ ၁၀၊ ၁၁ နဲ့ ၁၂ တွေကို အောက်ခြေမှစလို့ ဗုံးဖောက်ခွဲ ဖျက်ဆီးခဲ့ပြန်ပါတယ်။ ဒါကြောင့် သံတိုင်အမှတ် ၉ မှာ အနည်းငယ် ပျက်စီးခဲ့ပါတယ်။

> **◆ ဆင်ခြင်တုံတရားမရှိတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ အလွယ်တကူ ဖျက်ဆီးလိုက်ကြပါတယ်။ တိုင်းပြည်အတွက် တည်ဆောက်ထားရတဲ့ အဆောက်အအုံတွေကို ဖျက်ဆီးတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေ လွတ်လပ်ရေးရပြီးကတည်းက ယနေ့အချိန်ထိ ရှိနေဆဲဖြစ်ပါတယ်။ သမိုင်းဝင်တံတားကြီး မပျက်စီးအောင်၊ အရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို လေးစားဂုဏ်ပြုလိုက်ရပါတယ်။ ပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့အောင်ဆောင်ကြဉ်းပေးတဲ့ ကမ္ဘာကျော် သမိုင်းဝင် ဂုတ်ထိပ်တံတားကြီး ပျက်စီးအောင် ဖျက်ဆီးလိုက်ကြတဲ့ သောင်းကျန်းသူတွေ နိဂုံးချုပ်ချိန်ရောက်ပြီလို့ ဆိုချင်ပါတယ်**

အမှတ် ၁၀ နဲ့ ၁၂ တို့ဟာ ပြိုလဲခဲ့ပါတယ်။ အမှတ် ၁၁ ကတော့ အောက်ခြေပြတ်ပေမယ့်လည်း မလဲခဲ့ပါဘူး။ ဒီတိုင်တွေပေါ်ရှိ ပေပေါင်း ၁၂၀ စီရှည်တဲ့ ပေါင်းကူးသံပေါင် ၄ ခုဟာ မြေကို လျှောကျရပါတယ်။

### မှတ်ကျောက်တင်ဆဲ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခေတ်မှာ တံတားကြီးကို နိုင်ငံခြားကုမ္ပဏီတွေ ငှားရမ်းပြီး ပြုပြင်ဖို့ စီစဉ်ခဲ့ပေမယ့်လည်း အဲဒီကုမ္ပဏီတွေက တင်ဒါတင်သွင်းတဲ့ အဖိုးနှုန်းဟာ များပြားလှတာကြောင့် မြန်မာနိုင်ငံ မီးရထားဌာနကပဲ ဦးစီးပြီး ပြင်ဆင်ခဲ့ပါတယ်။ အဲ့ဒီ ပြင်ဆင်တဲ့လုပ်ငန်းတွေကို ၁၉၄၈ ခုနှစ် မေလက စတင်ခဲ့ပေမယ့် ပစ္စည်းရှားပါးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာကြောင့် ၁၉၅၁ ခုနှစ် ဩဂုတ်လအတွင်းမှသာ ပြင်ဆင်ပြီးစီးခဲ့ပါတယ်။ ပြန်လည်ပြုပြင် တည်ဆောက်ရတဲ့ ငွေကြေးကုန်ကျစရိတ်ဟာ အဲဒီခေတ်ကငွေကျပ် ၃၂ သိန်းခန့် ကုန်ကျပါတယ်။ ဒီတံတားကြီးကို တည်ဆောက်တဲ့ နည်းပညာအဆင့်မြင့်မားမှုနဲ့ သဘာဝပတ်ဝန်းကျင်အလှအပတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားလာတဲ့ တံတားကြီးဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်စာရင်းတွေမှာ ပါဝင်ခဲ့ပါတယ်။ ယနေ့ထိတိုင် မြန်မာပြည်ရဲ့ အမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတား (မြင်းခုံတံတား)လို့ မှတ်ကျောက်တင်ဆဲ ဖြစ်ပါတယ်။

ဂုတ်ထိပ်တံတားကြီးဟာ ကမ္ဘာကျော်ခဲ့သလို မြန်မာပြည်အတွက် တန်ဖိုးကြီးမားတဲ့ တံတားကြီးဖြစ်ပါတယ်။ ယခုအခါ ၁၂၅ နှစ်သက်တမ်းရှိတဲ့ တိုင်အောင် တိုင်းပြည်နဲ့လူမျိုးအတွက် သူ့တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ လူတို့အန္တရာယ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း ဆက်လက်အကျိုးပြုနေဆဲဖြစ်ပါတယ်။ ဒီတံတားကြီးကို ခေတ်အဆက်ဆက်အစိုးရတွေက ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးခဲ့ပါတယ်။ ဒီတံတားကြီး အရှည်တည်တံ့ခိုင်မြဲမှသာ တိုင်းပြည်လည်းဂုဏ်ရှိ၊ ပြည်သူတွေအတွက်လည်း အကျိုးရှိမှာ ဖြစ်ပါတယ်။

ဒီတံတားကြီးကို ကာကွယ်စောင့်ရှောက်ပေးခဲ့တဲ့ စစ်ပြန်စစ်မှုထမ်းဟောင်းကြီး တစ်ဦးရဲ့ ပြောစကားကို သတိရမိပါတယ်။ ဂုတ်ထိပ်တံတားကြီးကို ၁၉၇၀-၇၁ ခုနှစ်မှာ လုံခြုံရေးတာဝန်ယူခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီတုန်းက လူစီးတွဲ ၁၂ တွဲ၊ ၁၃ တွဲအထိ ချိတ်ဆက်မောင်းနှင်တဲ့ မီးရထားလာချိန်ဆို ဇလီဖားတုံးခြံခတ်ထားတဲ့ လုံခြုံရေးကင်းကို နေရာယူရတယ်။ ခရီးသွားတွေက ဝတ္ထုစာအုပ်၊ ကာတွန်း၊ ဂျာနယ်၊ သတင်းစာနဲ့ စားစရာတွေ ချပေးခဲ့တာတွေကို သတိရမိပါတယ်။

ဝတ္ထု၊ ကာတွန်းစာအုပ်တွေမှာ လိပ်စာလေးတွေ ထည့်ပေးပြီး ပျင်းရင်စာရေးပါတဲ့၊ မိတ်ဆွေဖြစ်သဘောပေါ့။ အဲဒီလို ချစ်စရာခရီးသွားတွေနဲ့ သူတပြန်ကိုယ်တလှည့် ဘူတာကို ရထားဆိုက်ပြီဆိုရင် ကိုယ့်ဆီကိုလာမယ့်စာပါနိုးနိုးနဲ့ ဘူတာရုံပိုင်ကြီးဆီကို အပြေးအလွှား သွားမေးရတာလည်း အမောပါပဲ။ တပ်ခွဲရုံးနဲ့ တပ်စုတစ်စုက GE မီးစက်ကုန်းပေါ်က လုံခြုံရေးစခန်း၊ တံတားနှစ်ဖက်ထိပ်မှာ တပ်စိတ် တစ်စိတ်စီ၊ တံတားအောက်မှာ တပ်စုတစ်စု၊ တပ်စုရုံးနဲ့ တပ်စိတ်တစ်စိတ်၊ တံတားဟိုဘက်ထိပ်က ကုန်းမြင့်ပေါ်မှာ တပ်စုတစ်စု အားလုံးပေါင်း တပ်ခွဲတစ်ခွဲဗျ။ ဂုတ်ထိပ်တံတားကြီး ပတ်လည်မိုင်းကွင်းက ကမ္ဘာမှာ အစ္စရေးပြီးရင် ဒုတိယအကြီးဆုံး မိုင်းကွင်းပဲ။ မိုင်းအလုံးပေါင်း ၆၀၀၀ ကျော်ရှိတယ်။ နင်းမိုင်း၊ တိုက်မိုင်း၊ ပဒေသာမိုင်းတွေ အရင်က မိုင်းလမ်းရှင်းခဲ့ဖူးတယ်။ ကျွဲဝင်လို့ ပဒေသာမိုင်းကွဲပြီး ကုန်းစံရွာက ကျွဲခြောက်ကောင် ပွဲချင်းပြီးပဲ။ အတွင်းစည်းသံဆူးကြိုးကို ညဆိုမီးစက်မောင်းပြီး လျှပ်စစ်လွှတ်ရတယ်။ ည ၆ နာရီ၊ နံနက် ၆ နာရီ ဗဟိုအင်ဂျင်နီယာတပ်နဲ့ တွဲဖက်တာဝန် ထမ်းဆောင်ခဲ့ရတယ်။ အချိန်တွေ ကုန်မြန်လိုက်တာ၊ အသက် ၇၀ ကျော်ခဲ့ပြီပဲ၊ ငါနဲ့အတူ သက်တူရွယ်တူတွေ ရှိကြသေးရဲ့လား။ တို့တစ်တွေ တံတားကြီးကို တာဝန်ယူခဲ့တဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ဖူးခဲ့တဲ့သူတွေ ဒီစာကိုဖတ်မိကြရင်ဆိုတဲ့ တံတားလုံခြုံရေးကို တာဝန်ယူခဲ့တဲ့ စစ်ပြန်စစ်မှုထမ်းဟောင်းကြီးရဲ့စကားဟာ လွမ်းဆွတ်ဖွယ်ဖြစ်ပါတယ်။

### နိဂုံးချုပ်ချိန်ရောက်ပြီ

တပ်မတော်သားတွေဟာ အမိမြန်မာနိုင်ငံတော်အတွင်း တောတောင်တွေထဲမှာ နိုင်ငံနဲ့ပြည်သူအကျိုးအတွက် ဘဝကို ရင်းနှီးပေးဆပ်ပြီး ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြပါတယ်။ သူတို့တွေအနက် ဂုတ်ထိပ်တံတားကြီးရဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ကြတဲ့ တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ခက်ခဲကြမ်းတမ်းစွာဖြတ်သန်းခဲ့ကြရတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ပြည်သူတွေ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်အောင် ခက်ခက်ခဲခဲ ရင်းနှီးတည်ဆောက်ပေးခဲ့ကြတဲ့ တံတားတည်ဆောက်သူတွေ၊ တံတားကြီးလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးခဲ့ကြတဲ့ တပ်မတော်သားတွေရဲ့ ပေးဆပ်မှုတွေဟာ ကြီးမားလှပါတယ်။ ဆင်ခြင်တုံတရားမရှိတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ အလွယ်တကူ ဖျက်ဆီးလိုက်ကြပါတယ်။ တိုင်းပြည်အတွက် တည်ဆောက်ထားရတဲ့ အဆောက်အအုံတွေကို ဖျက်ဆီးတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေ လွတ်လပ်ရေးရပြီးကတည်းက ယနေ့အချိန်ထိ ရှိနေဆဲဖြစ်ပါတယ်။ သမိုင်းဝင်တံတားကြီး မပျက်စီးအောင်၊ အရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို လေးစားဂုဏ်ပြုလိုက်ရပါတယ်။ ပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့အောင် ဆောင်ကြဉ်းပေးတဲ့ ကမ္ဘာကျော်သမိုင်းဝင် ဂုတ်ထိပ်တံတားကြီး ပျက်စီးအောင် ဖျက်ဆီးလိုက်ကြတဲ့ သောင်းကျန်းသူတွေ နိဂုံးချုပ်ချိန်ရောက်ပြီလို့ ဆိုချင်ပါတယ်။ ။

## မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ (Future Front Myanmar : Youth Strategy Forum–2025) အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး **(အောက်ပုံ)**



နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးရာ ဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပမည့် အစီအစဉ်များကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူမှုရေးရာဝန်ကြီးများက ထူးချွန်လူငယ်ကိုယ်စားလှယ် ရွေးချယ်ထားရှိမှုကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လူငယ်မဟာ ဗျူဟာဖိုရမ်တွင် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာ လေ့လာသုံးသပ်သူ Mr. Atul Aneja က ကမ္ဘာလုံးဆိုင်ရာ ပထဝီရှုခင်းရှုကွက်များကို နားလည်ခြင်း၊ ပြောင်းလဲနေသောကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေး၊ မြန်မာ-ပထဝီနိုင်ငံရေးနှင့် ဗဟုဝင်ရိုး ကမ္ဘာခေါင်းစဉ်များဖြင့် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ SUPDI မှ တွဲဖက်ပါမောက္ခ Mr. Lorenzo က မြန်မာနိုင်ငံနှင့် ပထဝီစီးပွားရေးမဟာဗျူဟာ၊ ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီစီးပွားရေး၊ မြန်မာ-ပထဝီ စီးပွားရေးနှင့် ဗဟုဝင်ရိုးကမ္ဘာ ခေါင်းစဉ်များဖြင့်လည်းကောင်း၊ အနာဂတ်ပညာရေးနှင့် ကျွမ်းကျင်မှု၊ စီးပွားရေးအခွင့်အလမ်းများနှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းများ၊ နိုင်ငံသားပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု၊ ရေရှည်တည်တံ့မှုနှင့် ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်း စသည့်ခေါင်းစဉ်များကို အဖွဲ့လိုက်ဆွေးနွေးခြင်း၊ ကမ္ဘာ့ကဖေးပုံစံ ဆွေးနွေးခြင်း၊ Icebreaker Activity / Energizer Quiz ပုံစံဆွေးနွေးခြင်းနှင့် အနှစ်ချုပ် ဆွေးနွေးခြင်းများဖြင့်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နောင်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများသည် ဘွဲ့ရသူများဖြစ်ရမည်ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ယခုကပင်စီစဉ် ရွေးကောက်ပွဲယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများ လုံခြုံရေးအတွက် အကာအကွယ်ဆောင်ရွက်ပေးထား

နေပြည်တော် ဩဂုတ် ၂၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခဲ့သည့် နိုင်ငံရေးပါတီများအနက် နိုင်ငံရေးပါတီ ၆၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၅၂ ပါတီ ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လျှောက်ထားသော နိုင်ငံရေး ပါတီအားလုံး စိစစ်ခွင့်ပြုပြီးဖြစ်ပါကြောင်း။

နိုင်ငံရေး ပါတီများအနေဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်၊ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ကိုက်ညီရန် လိုအပ်ကြောင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရာတွင် ပညာအရည်အချင်း သတ်မှတ်ချက်ဖြစ်သည့် အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်သူများဖြစ်ရမည့် အချက်ကို သတိမူကြစေလိုကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများသည် အစိုးရအသိအမှတ်ပြု တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့ရသူများ ဖြစ်ရမည်ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ယခုကပင်စ၍ စီစဉ်ထားရန်ဖြစ်ကြောင်း၊ ပြည်သူအားကိုးရပြီး နိုင်ငံကို အကျိုးပြုမည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်သွင်းကြရန် တိုက်တွန်းလိုကြောင်း။

ယာယီနေရပ်စွန့်ခွာလာရသူများအပါအဝင် ပြည်တွင်း၊ ပြည်ပကြိုတင်မဲပေးမည့်သူများသည် ပုံစံ (၁၅) ဖြင့် တောင်းဆိုမဲပေးရမည်ဖြစ်ကြောင်း၊ ရောက်ရှိရာနေရပ်တွင် မဲပေးလိုပါက အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း နေထိုင်ပြီးပါက ထောက်ခံချက်ဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ထားပါကြောင်း။

ရွေးကောက်ပွဲစနစ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် အတွက်မူ ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီလက်ထရောနစ်မဲပေးစက်သုံးပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲတစ်မဲသည် ကိုယ်စားလှယ်လောင်းကိုသာမက ပါတီကိုပါ မဲပေးသည့်ပုံစံဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်လောင်းများကို ဦးစားပေးအစီအစဉ်ဖြင့်ကော်မရှင်သို့ တင်သွင်းပေးရမည်ဖြစ်ပါကြောင်း၊ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်မှုအနေဖြင့် FPTP ကိုယ်စားလှယ်လောင်းများနည်းတူ PR ကိုယ်စားလှယ်လောင်းများသည်လည်း မဲဆွယ်စည်းရုံး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင် ပြည်သူများအတွက်လည်းကောင်း လုံခြုံရေးအရ အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်ပေးထားပါကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် သန္နိဋ္ဌာန်ထား ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအနေနှင့် အတူလက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၆၁ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNFPA မှဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ် (Work Plan) ဆက်လက် သက်တမ်းတိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် UNFPA တို့အကြား သဘောတူညီနိုင်းထားသည့် အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များ အကျိုးရှိ ထိရောက်စေရေး စီမံဆောင်ရွက်မှုများကို အလေးထား ဆောင်ရွက်ရန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် မစ္စတာသူရှာရာဖာနန်ဒိုအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှမြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာသူရှာရာဖာနန်ဒို အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် WHO အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ပိုလီယိုရောဂါကာကွယ်ဆေးထိုးလုပ်ငန်း၊ အမျိုးသမီးငယ်များတွင် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ မန္တလေးလျောင်ကြီးလှူပ်ခတ်ပြီး WHO မှ ကူညီပံ့ပိုးပေးလျက်ရှိသည့် ကိစ္စရပ်များနှင့် WHO အဖွဲ့မှ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် နည်းပညာပံ့ပိုးပေးနိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ WHO ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ – အိန္ဒိယ နှစ်နိုင်ငံအကြား နယ်နိမိတ်ရေးရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငလျင်ကာလအလွန် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အကူအညီပေးမှုဆိုင်ရာကိစ္စရပ်များနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အထိမ်းအမှတ် ထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် သံတမန်တစ်ဦး၏ အရည်အသွေး၊ အရည်အချင်းများနှင့် ဆင်ခြင်တုံတရားရှိရှိဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

**ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့်မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တွေ့ဆုံအမှာစကားပြောကြားသည်။**(အောက်ပုံ)

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခု သွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ရွေးချယ်စေလွှတ်ခြင်းခံရမှုအပေါ် ဝမ်းသာဂုဏ်ယူကြောင်း၊ သံတမန်ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိနိုင်ငံတော်အပေါ် သစ္စာရှိရန် အထူးမှာကြားလိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးအား အစဉ်အလေးထား၍ တာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ ထမ်းဆောင်ရမည့် တာဝန်များကို မိမိတို့၏ အသက်နှင့်ထပ်တူ အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ သံတမန်တစ်ဦး၏ အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Good Listener ကောင်းတစ်ယောက်ဖြစ်မှသာလျှင် လေ့လာသင်ယူနိုင်ပြီး အကျိုးရှိစွာပြန်လည်အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။



အဓိကဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာစကားကို ကောင်းမွန်စွာပြောဆိုနိုင်မှသာလျှင် မိမိအား အရေးကြီးသော လုပ်ငန်းတာဝန်များကို ပေးအပ်လာပါက မိမိအနေဖြင့် တိုက်ရိုက်ဆက်သွယ်ပြောဆိုဆက်ဆံနိုင်မည်ဖြစ်ကြောင်း၊ သုံးနှစ်တာကာလအတွင်း သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဘာသာစကားအပြင် အခြားဘာသာစကားများကိုလည်း တတ်မြောက်နိုင်ရေး ကြိုးစားလေ့လာသင်ယူစေလိုကြောင်း၊ ယခင်က ကြုံတွေ့ခဲ့ရသည့် ပြဿနာရပ်များကို လေ့လာသင်ယူကာ ကိုယ်ပိုင်အကြံဉာဏ်ဖြင့် ဖြေရှင်းနိုင်ရေး Problem Solving Skill ရှိရန် လိုအပ်ကြောင်း၊ ပြဿနာများကို ဖြေရှင်းရာတွင် စိတ်ဝင်စားမှုရှိပြီး ပိုမိုကောင်းမွန်သောနည်းလမ်းများကိုလည်း စဉ်းစားထားရန် အရေးကြီးကြောင်း၊ တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွားထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားစေလိုကြောင်း။

သံတမန်ဆိုသည်မှာ နိုင်ငံကို ကိုယ်စားပြု၍ မိမိနိုင်ငံ၏ အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာကို ဖော်ဆောင်ကြရခြင်းဖြစ်ကြောင်း၊ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့် တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးစွာ ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ရန် မှာကြားလိုကြောင်း၊ နိုင်ငံ့သိက္ခာကျစေမည့် ကိစ္စရပ်များကို မလုပ်ရန်လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် ပညာရပ်များကို လေ့လာနိုင်သည့် အခွင့်အရေးများစွာရှိသည့်အတွက် ကြိုးစားသင်ယူကြစေလိုကြောင်း၊ သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ ကောင်းမွန်သော အမူအကျင့်၊ အလေ့အထများကိုလည်း လေ့လာဆည်းပူးနိုင်ပြီး အသုံးချတတ်ရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ကိုယ်ရည်ကိုယ်သွေးကောင်းမွန်အောင်၊ ထက်မြက်အောင်၊ ဂုဏ်သိက္ခာရှိအောင်၊ တစ်ဆင့်ထက်တစ်ဆင့် ပိုမိုမြင့်မားလာစေအောင် ကြိုးစားနေကြရမည်ဖြစ်ပြီး မိမိတို့၏ Capacity ကို အမြဲမြှင့်တင်နေရန်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အောင်မြင်မှုများ ရရှိကြသည်ကိုသာ မြင်တွေ့လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာ–အိန္ဒိယနှစ်နိုင်ငံအကြား သံအဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးတို့မှ အဖွဲ့ဝင်များ၏ မှီခိုသူမိသားစုဝင်များကို အကျိုးအမြတ်ရှိသော အလုပ်အကိုင်များတွင် လုပ်ကိုင်ခွင့်ပြုခြင်း သဘောတူညီချက် လက်မှတ်ရေးထိုး




**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား သံအဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးတို့မှ အဖွဲ့ဝင်များ၏ မှီခိုသူမိသားစုဝင်များကို အကျိုးအမြတ်ရှိသော အလုပ်အကိုင်များတွင် လုပ်ကိုင်ခွင့်ပြုခြင်း သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သဘောတူညီချက်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ရှေ့မှောက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဟောက်ခန့်ဆုမ်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur (ဝဲပုံ)တို့က နှစ်နိုင်ငံကိုယ်စား လက်မှတ်ရေးထိုးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အိန္ဒိယသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သဘောတူညီချက်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ခိုင်မာသည့်ဆက်ဆံရေးနှင့်မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ပြလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့မှ ပြည်သူများအား အနုပညာရှင်များက ဖျော်ဖြေတင်ဆက်






**တောင်ကြီး ဩဂုတ် ၂၆**

ကယားပြည်နယ် လွိုင်ကော်တပ်နယ်ရှိ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ယနေ့ နံနက်ပိုင်းကပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့ တက်ရောက်ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအား ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုခရီးစဉ်၌ လိုက်ပါလာကြသော အနုပညာရှင်များအနေဖြင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေစေရန်အတွက် ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအားလုံးကို တွေ့ဆုံနှုတ်ဆက်ပြီး စိတ်အပန်းပြေစေရန်နှင့် စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးနိုင်ရန် ဖျော်ဖြေတင်ဆက်ပေးလိုသော်လည်း လာရောက်နိုင်သော တပ်ဖွဲ့ဝင်များကိုသာ ပြန်လည်မထွက်ခွာမီ ဂုဏ်ပြုဖျော်ဖြေတင်ဆက်နိုင်ခြင်းဖြစ်ပါကြောင်း။

**ဆုငွေများ ပေးအပ်ချီးမြှင့်**

တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာအောင် စွန့်လွှတ်စွန့်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်မှုနှင့်အတူ ကယားပြည်နယ်အစိုးရ၏ စီမံမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်နိုင်မှုတို့ကြောင့် လွိုင်ကော်မြို့သည် အချိန်တိုအတွင်း တိုးတက်ပြီးစီးကာ သန့်ရှင်းသာယာလှပမှုများကို မြင်တွေ့ရပါကြောင်း၊ ဆက်လက်ပြီးလည်း ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်အောင်မြင်မှုများရရှိနိုင်ရန် ဆန္ဒပြုပါကြောင်းပြောကြားပြီး တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူချစ်သော အနုပညာရှင်များ ဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဥ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက စုပေါင်း၍ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တပ်ဖွဲ့ဝင်များက ပျော်ရွှင်စွာ အတူတကွ လိုက်ပါသီဆို ကခုန်အားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ရာ(**အပေါ်ပုံ**) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်နယ်မှ မိသားစုများ၊ တောင်ကြီးမြို့ရှိ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့ ရှစ်ဖွဲ့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများ၊ဆေးတက္ကသိုလ် (တောင်ကြီး)၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



လွိုင်ကော်တပ်နယ်ရှိ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များက တေးသံသာများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်စဉ်။

**ဖျော်ဖြေတင်ဆက်**

ဖျော်ဖြေပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ရှမ်းအကနှင့် ပအိုဝ်းအကတို့ဖြင့် စုပေါင်းဖျော်ဖြေပြီး အနုပညာရှင် အကယ်ဒမီ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဆုထက်လှိုင်၊ ဂျူဝဲလ်၊ သဥ္ဇာမြင့်မိုရ်၊ ယဉ်လတ်၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက အငြိမ့်ကပြမှုအပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTH စလောင်း အစုံ ၃၀ နှင့် T–2 အစုံ ၅၀ အားလည်းကောင်း၊ ရှမ်းတောင်ပရဟိတညီနောင်များအဖွဲ့အတွက် MRTV DTH စလောင်း အစုံ ၅၀ နှင့် T–2 အစုံ ၅၀ အားလည်းကောင်း၊ Forever Group ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးသိန်းထွန်းအောင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းတောင် ပရဟိတညီနောင်များအဖွဲ့အတွက် Canal+ DTH စလောင်းအစုံ ၅၀ စီဖြင့် ပေါင်း ၁၀၀ အားလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက MRTV DTH စလောင်း ၁၀ စုံနှင့် T–2 Set of Box အစုံ ၂၀ တို့ကို တက်ရောက်လာသူများအတွက် ကံစမ်းမဲဖောက်ပေးပြီး မဲပေါက်သူများအား တစ်ဆက်တည်း လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် အနုပညာရှင်များနှင့် တက်ရောက်လာကြသူများ စုပေါင်း၍ တေးသီချင်းများ သီဆိုကခုန်ကာ ပျော်ရွှင်စွာဖြင့် ဖျော်ဖြေပွဲကို ရုတ်သိမ်းခဲ့သည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

---

✻ *ကျောဖုံးမှ*

ပွဲစဉ်များကို စက်တင်ဘာ ၉ ရက်၊ ဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် အဆင့်သတ်မှတ်ချက်ပွဲများကို စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၅ ရက်တွင် နယူးဇီလန်အသင်း၊ စက်တင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှားအသင်း၊ စက်တင်ဘာ ၈ ရက်တွင် အိုမန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် စက်တင်ဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲနှင့် ဒီဇင်ဘာလတွင် ယှဉ်ပြိုင်ရမည့် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ပြီး အာရှဖလားခြေစစ်ပွဲမတိုင်မီ အကျိုးရှိမည့် ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဩဂုတ်လဆန်းပိုင်းမှစတင်ကာ ပဏာမကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်နေပြီး နည်းပြချုပ်အဖြစ် ပတ္တာရားပီခွန်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဒုတိယအကြိမ်လေ့ကျင့်ခြင်းဖြစ်ပြီး မတ်လက ပထမအကြိမ်လေ့ကျင့်ကာ ထိုင်းခြေစမ်းခရီးစဉ် သွားရောက်ခဲ့သည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF**

---

❖ *ကျောဖုံးမှ*

အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုး သွင်းယူပေးနိုင်ခဲ့သော ငူမိုဟာသည် လီဗာပူးအသင်း သမိုင်းတစ်လျှောက်တွင် အသက် ၁၆ နှစ်ဖြင့် အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လီဗာပူးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက်နယူးကာဆယ်အသင်းက နှစ်ပွဲကစားပြီးချိန်တွင် နိုင်ပွဲရရှိခြင်း မရှိသေးဘဲ တစ်ပွဲသရေနှင့် တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ ပရီမီယာလိဂ်ပွဲစဉ် (၂) ယှဉ်ပြိုင်ကစားအပြီးတွင် လီဗာပူး၊ စပါးနှင့် အာဆင်နယ် စသည့် အသင်းသုံးသင်းသာ ရာနှုန်းပြည့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ **အောင်ဇော်**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ ထုတ်ပြန်ကြေညာ

**၁။ ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်**

(က) အဆင့်မြင့်ပညာအဆင့်

(ခ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်

(ဂ) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) အဆင့်

**၂။ ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ**

(က) **အဆိုပြိုင်ပွဲ**

(၁) မဟာဂီတ (အဆင့်အားလုံး)၊

(၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)၊

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း ပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်)

(ခ) **အကပြိုင်ပွဲ**

(၁) အကပြိုင်ပွဲ(အမျိုးသား၊အမျိုးသမီး)(အဆင့်အားလုံး)၊

(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) (အမျိုးသမီး) ၁၆ ဦး
ယိမ်းအကပြိုင်ပွဲ (အခြေခံပညာအသက် ၁၀ နှစ်ပြည့် မှ ၁၅ နှစ်အတွင်းအဆင့်)၊

(၃) တိုင်းရင်းသားရိုးရာအက/ ကျေးလက်ရိုးရာအက ပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊
ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက် မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်)၊

(၄) တနင်္သာရီတိုင်းဒေသကြီး၏ရိုးရာအကပြိုင်ပွဲ(၁၆-ဦး)၊

(ဂ) **အရေးပြိုင်ပွဲ**

(၁) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)

(၂) အခြေခံပညာ(အသက်၁၅နှစ်ပြည့်မှ၂၀ နှစ်အတွင်း) အဆင့်(အမျိုးသား/ အမျိုးသမီး)

(ဃ) **အတီးပြိုင်ပွဲ**

(၁) စောင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၂) စန္ဒရား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၃) ပတ္တလား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၄) တယော - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၅) မယ်ဒလင် - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၆) ဂီတာ - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၇) ဒုံမင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၈) ဆိုင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်း

(၉) ဆိုင်းဝိုင်းကြီး- အဖွဲ့လိုက် - အဖွဲ့လိုက်(အမျိုးသား - ၈ ဦး၊ အမျိုးသမီး - ၈ ဦး)

(၁၀) နှဲ - တစ်ဦးချင်း(အမျိုးသား)

(၁၁) ပလွေ - တစ်ဦးချင်း(အမျိုးသား)

(၁၂) အိုးစည် - အဖွဲ့လိုက်(အမျိုးသား - ၅ ဦး)

(၁၃) ဒိုးပတ် - အဖွဲ့လိုက်(အမျိုးသား - ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီး ပြိုင်ပွဲများတွင် အဆင့်အားလုံး ယှဉ်ပြိုင်ရန်။)

---

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်အမျိုးသား/အမျိုးသမီး**

(က) သာဆန်းရဂုံဘွေ ( ပတ်ပျိုး )

(ခ) ပပဝင်းဝင်း ( ပတ်ပျိုး )

(ဂ) မန္တလာဘုံ ( ဘွဲ့ )

(ဃ) တောင်ဇမ္ဗူပိုင် ( ယိုးဒယား )

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် အမျိုးသား/အမျိုးသမီး**

(က) ကြောက်ဖွယ့်ဘုန်းတန်း ( ကြိုး )

(ခ) ဆင့်ရရင့်ငယ်လေ ( ပတ်ပျိုး )

(ဂ) ရန်တကာအောင် ( ဘွဲ့ )

(ဃ) လေပြေဆော်သွင်းမြူး ( ယိုးဒယား )

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် အမျိုးသား/အမျိုးသမီး**

(က) ဇမ္ဗူရောင်ကွန့် ( ဘွဲ့ )

(ခ) မြိုင်ခြေတစ်ခွင် ( ပတ်ပျိုး )

(ဂ) တောဟောဝန်လယ် ( ယိုးဒယား )

(ဃ) ပြောင် ပြောင် ပြောင်နာဂိန် ( ကြိုး )

## "ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်(အမျိုးသား)**

(က) ဗျောသံ ( ဥက္ကလာမောင် )

(ခ) ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း ( စန္ဒရားထွန်းညွန့် )

(ဂ) မဟာဇန္ဒူလ ( ကိုထွန်းရွှေ )

(ဃ) အလွမ်းပြေအမေ့စာ ( မောင်မောင်လတ် )

**၂။ အဆင့်မြင့်(အမျိုးသမီး)**

(က) မြည့်ငြင်းလေပြေ ( မအေးမိ )

(ခ) အတုအယောင် ( ငွေးငွေးမြင့် )

(ဂ) မြသဝန်ကြောင် ( လေဘာတီမြရင် )

(ဃ) အစိန္တေယျ ( ငွေးငွေးမြင့် )

**၃။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား )**

(က) ကောက်ရိပ်ချိန် ( မောင်ပွကြီး )

(ခ) မြတ်ဒေသနာ ( သထုံဘသိန်း )

(ဂ) အောင်မြင်ခြင်းအတူတူ ( စန္ဒရားထွန်းညွန့် )

(ဃ) အန္တရာယ်ကင်း ( ဂီတာစိမ်းမောင် )

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး )**

(က) ရွှေဖိုးခေါင် ( ဒေစီကျော်ဝင်း )

(ခ) ဟေမန္တရဲ့သဘာဝ ( သင်းသင်းမြတ် )

(ဂ) ပါရမီတော် ( တင်တင်မြ )

(ဃ) အနန္တငါးဖြာ ( မေစိန် )

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား )**

(က) မမေ့သောအညာ ( သန်းထွန်းလေး )

(ခ) ရှင်သီဝလိ ( ပြည်လှဖေ )

(ဂ) မောင့်တိုင်းပြည် ( ရေနံ့သာဝင်းမောင် )

(ဃ) ဂုဏ်တော်ဖွင့် ( ပြည်လှဖေ )

**၆။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသမီး )**

(က) သီတာရတနာ ( ဒေါ်ကြည်အောင် )

(ခ) အဆင်းလှတဲ့ပင်းတယ ( ခင်သစ်လွင် )

(ဂ) ဓမ္မစက်တော် ( မြင့်မြင့်ရှိန် )

(ဃ) ဒိုးကလေး ( ညွန့်ညွန့်စိန် )

## "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**

(က) ကျေးရွာဝါဒ ( ကိုအံ့ကြီး )

(ခ) မဟာ ( ဇော်ဝင်းထွဋ် )

(ဂ) ကျွန်ုပ်တို့ မြန်မာပြည် ( ထူးအယ်လင်း )

(ဃ) ခေတ်ဆန်းချိန် ( ရွှေညာမောင် )

**၂။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**

(က) ရွှေအဆင်းနဲ့ပြည်မြန်မာ ( နွဲ့ယဉ်ဝင်း )

(ခ) ထာဝရငြိမ်းချမ်းရေး ( မေဆွိ )

(ဂ) တဘာသာအလှ ( ငြိမ်းငြိမ်းအိ )

(ဃ) နွယ်သာကီ ( ခင်ညွန့်ရီ )

## "စောင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) အိုသာတင့်ဆုံး (ယိုးဒယား)

(ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)

(ဂ) ဆီးနှင်းပြိုက်ကြ (ကြိုး)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ပြောင် ပြောင် ပြောင်နာဂိန် (ကြိုး)

(ခ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)

(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ကန္တာလေတောခြေ (ယိုးဒယား)

(ခ) ရှုတိုင်းသာစွ (ကြိုး)

(ဂ) စောင်းတော်သိင်္ဂါ (ကြိုး)

## "စန္ဒရား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) မဲဇာတောင်ခြေ (ပတ်ပျိုး)

(ခ) နက်ဖြန်သို့မဟုတ် ဘယ်သောခါ (ကာလပေါ်)ထား (Key-G)

(ဂ) ပန်းဟေဝန် (ယိုးဒယား)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ဖြေလျော့ခွေ (ပတ်ပျိုး)

(ခ) ချောကလျာ (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key-Eb)

(ဂ) အင်ကြင်းသရဖီ (ယိုးဒယား)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)

(ဂ) ညအတွေး (ကာလပေါ်) မာမာအေး (Key-G)

## "ပတ္တလား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) လူမနေ့ (ပတ်ပျိုး)

(ခ) နှင်းယွန်းခါဟေမန် (ယိုးဒယား)

(ဂ) မှန်ညောင်သဠာ (ဝတ်တော်ရုံ)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)

(ခ) ထိပ်တင်ဇော် (ဝတ်တော်သိမ်း)

(ဂ) သောင်းသောင်းညံ (ယိုးဒယား)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) သီလာမြေယံ (ကြိုး)

(ခ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

(ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

## "နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**

(က) သီလာမြေယံ (ကြိုး)

(ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)

(ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာဩဘာဘွဲ့)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**

(က) စံရာတောင်ကျွန်း (ကြိုး)

(ခ) မင်္ဂလာသီရိ (ဘွဲ့)

(ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**

(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

(ခ) လာချေပြီ (ကြိုး)

(ဂ) ဘုံဆောင်မြင့် (ကြိုး)

## "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**

(က) ဇေယျာအောင်ချာ (ကြိုး)

(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)

(ဂ) ဂန္ဓမာတောင် (ဘွဲ့)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**

(က) ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ (ကြိုး)

(ခ) ဟေမဝန်ချာ (ဘွဲ့)

(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**

(က) ဝေဇယန်နှင့်နွှန်းငြား (ကြိုး)

(ခ) မှန်ညောင်သဠာ (ဝတ်တော်ရုံဘွဲ့)

(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ဆီးချိုသွေးချိုနဲ့ ဟော်မုန်းရောဂါကာကွယ်ကုသ တိုက်ဖျက်ရေးမှာ ကျေးလက်ဒေသများထိ ကွင်းဆင်းဆောင်ရွက်နေတာတွေ ရှိပါတယ်

## ပါမောက္ခ ဒေါက်တာသိန်းမြင့်

**ယနေ့မျက်မှောက်ကာလတွင် လူသားတို့အား ခြိမ်းခြောက်နေသည့် မကူးစက်နိုင်သော ရောဂါပေါင်းများစွာရှိသည့်အနက် ဆီးချိုသွေးချိုရောဂါသည် အဖြစ်အများဆုံး ရောဂါများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။**

ကမ္ဘာပေါ်တွင် လူဦးရေသန်း ၅၀၀ ကျော်သည် ဆီးချိုသွေးချို ဝေဒနာခံစားနေရပြီး အဆိုပါ ရောဂါကြောင့် အသက်ဆုံးရှုံးသူများရှိသကဲ့သို့ လူမှုဒုက္ခခံစားနေရသူများလည်း နှစ်စဉ်တိုးပွားလျက်ရှိသည်။

မြန်မာနိုင်ငံ၌လည်း လူဦးရေ ၇ ဒသမ ၉ ရာခိုင်နှုန်းတွင် ဆီးချိုသွေးချိုဝေဒနာကို ခံစားနေရကြောင်း ၂၀၂၄ ခုနှစ် WHO Myanmar STEP Survey စစ်တမ်းများအရ သိရသည့်အတွက် ဆီးချိုသွေးချိုနှင့်ပတ်သက်ပြီး အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း အထွေထွေအတွင်းရေးမှူးဖြစ်သူ ပါမောက္ခ ဒေါက်တာသိန်းမြင့် (ဆေးကုသဆောင်-၁၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

မေး ။ ။ ဆီးချိုသွေးချိုရောဂါနဲ့ပတ်သက်ပြီး လေ့လာတွေ့ရှိတာတွေကို သိချင်ပါတယ်။

ဖြေ ။ ။ အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအသင်းကြီး (International Diabetes Federation)ရဲ့ စစ်တမ်းတွေအရ အသက် ၂၀ ကနေ ၇၉ နှစ်ကြား အရွယ်ရောက်ပြီးသူ ၅၈၉ သန်းဟာ ရောဂါဖြစ်ပွားနေတယ်လို့ ဆိုထားတယ်။ နောက်ပြီး လူကိုးယောက်မှာ တစ်ယောက်ဟာ ဆီးချိုသွေးချိုရောဂါတွေ့ရှိရတယ်ဆိုတဲ့အတွက် ၂၀၅၀ ပြည့်နှစ်မှာ ဝေဒနာရှင်စုစုပေါင်း သန်း ၈၅၀ ကျော် ရှိလာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ၂၀၂၄ ခုနှစ် စစ်တမ်းတွေအရလည်း ဆီးချိုသွေးချိုကြောင့် လူဦးရေ သုံးသန်းခွဲခန့် သေဆုံးနေကြတဲ့အတွက် ကိုးစက္ကန့်မှာ တစ်ယောက်နှုန်း သေဆုံးနေတယ်လို့ ပြောနိုင်ပါတယ်။

မြန်မာနိုင်ငံမှာလည်း ၂၀၂၄ ခုနှစ် တစ်နိုင်ငံလုံးလွှမ်းခြုံကောက်ယူခဲ့တဲ့ WHO Myanmar STEP Survey စစ်တမ်းအရ ပြည်သူလူထု ၇ ဒသမ ၉ ရာခိုင်နှုန်းမှာ ဆီးချိုသွေးချိုရောဂါရှိနေတာကို တွေ့ရပါတယ်။ ဒီလိုဆိုတော့ မြန်မာနိုင်ငံရဲ့ ဆီးချိုသွေးချို ဖြစ်ပွားမှုနှုန်းဟာ ကမ္ဘာမှာ ဖြစ်တဲ့နှုန်းထက်စာရင် အနည်းငယ်လျော့နည်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ကနဦး ဆီးချိုလို့ခေါ်တဲ့ Prediabetes က ၁၂ ဒသမ ၃ ရာခိုင်နှုန်း၊ Metabolic disease ဖြစ်တဲ့ ကိုယ်အလေးချိန်များသူနဲ့ အဝလွန်သူတွေက ၂၆ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ၇ ဒသမ ၈ ရာခိုင်နှုန်း ရှိနေပါတယ်။ ဟော်မုန်းနဲ့ပတ်သက်တဲ့ ရောဂါတွေလည်း အခြားနိုင်ငံတွေနည်းတူ ဖြစ်ပွားနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါတွေဟာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ အလေးထားရမယ့် ကိန်းဂဏန်းတွေပဲ ဖြစ်ပါတယ်။

မေး ။ ။ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားရတဲ့ အကြောင်းရင်းကို သိချင်ပါတယ်။

ဖြေ။ ။ ဆီးချိုသွေးချိုရောဂါဖြစ်စေတဲ့ အကြောင်းအရာတွေက အများကြီးပါ။ မွေးရာပါဗီဇကြောင့်လည်း ဖြစ်နိုင်သလို မျိုးရိုးလိုက်တာကြောင့်လည်း မိသားစုလိုက်ဖြစ်ပွားတာတွေကို တွေ့ရနိုင်ပါတယ်။ မျိုးရိုးမရှိပေမယ့်လည်း လူတစ်ဦးချင်းရဲ့ အစားအသောက်၊ အနေအထိုင်မှာ ကျန်းမာရေးနဲ့ မညီညွတ်တာတွေ၊ ကိုယ်လက်လှုပ်ရှားမှုနည်းတာ၊ အဝလွန်တာ၊ ဟော်မုန်းအပြောင်းအလဲဖြစ်တာ ဥပမာ – အမျိုးသမီးတွေမှာဖြစ်တဲ့ မျိုးဥအိမ်မှာ ရေအိတ်လေးတွေ အများကြီးဖြစ်တဲ့ Polycystic Ovary Syndrome လို ရောဂါမျိုးတွေ၊ ပြီးတော့ ဆီးချိုတက်စေတဲ့ ပန်ကရိယပျက်စီးတဲ့ရောဂါတွေ၊ ကော်တီစောဟော်မုန်းတွေ အထွက်များတဲ့ Cushing Syndrome လိုရောဂါတွေ၊ ဒီလို အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါတယ်။

အထူးအရေးကြီးတာက အချို့ ဆေးတွေကလည်း ဆီးချိုတက်စေနိုင်ပါတယ်။ ဥပမာ – စတီးရွိုက်လို့ခေါ်တဲ့ဆေးတွေဟာ ဆီးချိုတက်စေနိုင်ပါတယ်။ ဒီဆေးတွေကို အချို့သော ရင်ကျပ်ဝေဒနာရှင်တွေ၊ လေးဖက်နာဝေဒနာရှင်တွေ၊ ကင်ဆာဝေဒနာရှင်တွေက လိုအပ်လာရင် မရှောင်လွှဲနိုင်ဘဲ အသုံးပြုကြရပါတယ်။ အမှန်တကယ်လိုအပ်လို့ သုံးတာထက် နီးစပ်ရာဆေးဆိုင်တွေမှာ အကိုက်အခဲပျောက်ဆေးအနေနဲ့ ဆေးသုံးလေးမျိုးစပ်ထားတဲ့ ဆေးတွေကို လွယ်လင့်တကူ ဝယ်သောက်နေကြတဲ့ သူတွေလည်း ရှိပါတယ်။ ဒါဟာ ရေရှည်မှာ အန္တရာယ်ရှိနိုင်တဲ့ အလေ့အထဖြစ်လို့ အဲဒီလို မှားယွင်းတဲ့ ဆေးသုံးစွဲမှုတွေကို လျော့ကျလာအောင်လည်း ဝိုင်းဝန်းကြိုးပမ်းရမှာ ဖြစ်ပါတယ်။

မေး ။ ။ ဆီးချိုသွေးချိုရောဂါ စတင်နေပြီဆိုတာကို သိနိုင်မယ့် လက္ခဏာတွေကို ပြောပြပေးပါ။

ဖြေ ။ ။ ဆီးချိုသွေးချိုရောဂါဟာ စဖြစ်ဖြစ်ချင်း လက္ခဏာတွေ မသိသာတာကြောင့် ရောဂါဖြစ်တဲ့သူတွေ သတိမထားမိတတ်ကြပါဘူး။ အဖြစ်အများဆုံးလက္ခဏာတွေကတော့ ပုံမှန်ထက် ရေငတ်တာ၊ မကြာခဏဗိုက်ဆာတာ၊ ဆီးသွားတဲ့ အကြိမ်ရေများလာတာ၊ အထူးသဖြင့် ညဘက်တွေမှာ ဆီးမကြာခဏသွားတာ၊ လူကနုံးချည့်နေတာ၊ မျက်လုံးအမြင်မကြည်တာ၊ ကိုယ်အလေးချိန်ကျလာတာ၊ အနာတွေ အကျက်နှေးတာ စတာတွေဖြစ်ပါတယ်။ အဲဒီလို လက္ခဏာတွေပြလာပြီဆိုရင်၊ တစ်ခုထက်ပိုပြီးခံစားလာရပြီဆိုရင် ဆရာဝန်နဲ့ ပြသတိုင်ပင်ပါ။ ဆီးချိုစစ်ပါလို့ ပြောချင်ပါတယ်၊

**“ ဆီးချိုသွေးချိုရောဂါဟာ စဖြစ်ဖြစ်ချင်း လက္ခဏာတွေ မသိသာတာကြောင့် ရောဂါဖြစ်တဲ့သူတွေ သတိမထားမိတတ်ကြပါဘူး။ အဖြစ်အများဆုံး လက္ခဏာတွေကတော့ ပုံမှန်ထက် ရေငတ်တာ၊ မကြာခဏ ဗိုက်ဆာတာ၊ ဆီးသွားတဲ့ အကြိမ်ရေများလာတာ၊ အထူးသဖြင့် ညဘက်တွေမှာ ဆီးမကြာခဏသွားတာ၊ လူကနုံးချည့်နေတာ၊ မျက်လုံးအမြင်မကြည်တာ၊ ကိုယ်အလေးချိန်ကျလာတာ၊ အနာတွေ အကျက်နှေးတာ စတာတွေ ဖြစ်ပါတယ်။ အဲဒီလို လက္ခဏာတွေပြလာပြီဆိုရင်၊ တစ်ခုထက်ပိုပြီး ခံစားလာရပြီဆိုရင် ဆရာဝန်နဲ့ ပြသတိုင်ပင်ပါ။ ဆီးချိုစစ်ပါလို့ ပြောချင်ပါတယ် ”**

မေး ။ ။ ဆီးချိုသွေးချို ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်လို့ရတဲ့ နည်းလမ်းတွေရှိရင် သိချင်ပါတယ်။

ဖြေ ။ ။ ကြိုတင်ကာကွယ်တာကတော့ အကောင်းဆုံးပါ။ စိတ်ဖိစီးမှုကို လျှော့ချပါ။ အတတ်နိုင်ဆုံး ကိုယ်အလေးချိန်ကို ထိန်းသိမ်းပါ။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုတွေ ပြုလုပ်ပေးပါ။ လမ်းလျှောက်ပါ။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစား အစာတွေစားသုံးပါ။ ယေဘုယျအားဖြင့် ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းတဲ့ အစားအစာတွေကို ရှောင်ပါ။ ရေဆာရင် ရေသောက်ပါ။ အခုခေတ်မှာ ကျန်းမာရေးအန္တရာယ်တစ်ခုက အချိုရည်ပေါင်းစုံက အလွယ်တကူရရှိနေတဲ့အတွက် အချိုရည်သောက်သုံးမှုများတဲ့သူတွေဟာ အဝလွန်ကဲနိုင်သလို ဆီးချိုဖြစ်ပွားမှုနှုန်းလည်း များပါတယ်။

အချိုရည်လို့ဆိုရာမှာ ဓာတ်ဆားရည်များလည်း ပါဝင်ပါတယ်။ ရောဂါဝေဒနာကြောင့် လိုအပ်လို့ တိုက်ကျွေးတာ မဟုတ်ဘဲ ဓာတ်ဆားရည်ကို အချိုရည်မဟုတ်ဘူးဆိုပြီး အလွယ်တကူ သောက်သုံးတာတွေကလည်း အင်မတန်အန္တရာယ်များပါတယ်။ ဆီးချို မဖြစ်သေးသူတွေအတွက် ဆီးချိုဖြစ်လာဖို့ အားပေးသလို၊ ဖြစ်ပြီးသားလူတွေအတွက် ဆီးချိုထိန်းသိမ်းရာမှာ အနှောင့်အယှက်ဖြစ်စေပါတယ်။

ဒါတွေအပြင် ကျန်းမာရေးနဲ့ ညီညွတ်အောင် ဆေးလိပ်သောက်သုံးမှုကို ရပ်ဆိုင်းရမယ်။ အရက်နဲ့ပတ်သက်ရင် မသောက်ဖို့နဲ့ သောက်နေတဲ့သူဆိုလည်း ကျန်းမာရေးအန္တရာယ်ဖြစ်နိုင်တဲ့နှုန်း မရောက်အောင် လျှော့ချဖို့လိုအပ်ပါတယ်။ ဒီအချက်တွေနဲ့ လျော်ညီအောင်နေနိုင်ရင်တော့ ဆီးချိုသွေးချိုကာကွယ်မှုလမ်းစဉ်နဲ့ ကိုက်ညီပါတယ်။

မေး ။ ။ ရောဂါဝေဒနာ ခံစားနေရသူများအနေနဲ့ ဆီးချိုသွေးချိုကို အကောင်းဆုံး ထိန်းညှိထားနိုင်မယ့်နည်းလမ်းတွေကို ပြောပြပေးပါ။

ဖြေ ။ ။ ဆီးချိုသွေးချိုရောဂါက အရှင်းပျောက်ကင်းအောင် ကုသလို့မရတဲ့ နာတာရှည်ရောဂါတစ်မျိုးဖြစ်လို့ ဆီးချိုသွေးချိုကို စနစ်တကျ ထိန်းထားနိုင်ရင် ရောဂါမရှိသူ လူတစ်ယောက်လို ကျန်းကျန်းမာမာ နေထိုင်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုက်နာသင့်တဲ့အချက်တွေ ရှိပါတယ်။

အဲဒါတွေက ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း ပုံမှန်လုပ်တာ၊ အစားအစာကို အချိန်မှန်စားတာ၊ ကိုယ်အလေးချိန် ပုံမှန်ဖြစ်အောင် ထိန်းတာတို့ ဖြစ်ပါတယ်။ ဆေးလိပ်သောက်ခြင်းဟာ ဆီးချိုသွေးချိုရောဂါရဲ့ နောက်ဆက်တွဲ ရောဂါတွေ ဖြစ်ပွားမှုနှုန်းတိုးစေတဲ့အတွက် ဆေးလိပ်သောက်တာဖြတ်ပါ။ အရက်မသောက်ပါနဲ့။ သွေးချိုပမာဏကိုသိစေဖို့ သွေးရဲ့အချိုဓာတ်ကို မှန်မှန်ဖောက်စစ်ပြီး မှတ်တမ်းထားပါ။ ဆီးချိုသွေးချိုအတွက် သောက်နေကျဆေးတွေကိုလည်း ဆရာဝန်ညွှန်ကြားချက်မပါဘဲ မရပ်ပါနဲ့၊ အင်ဆူလင်ထိုးရမယ်ဆိုလည်း ညွှန်ကြားချက်အတိုင်းထိုးပါ။ ဆရာဝန်နဲ့လည်း ပုံမှန်ပြသဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုက ဆီးချိုသွေးချို ဝေဒနာရှင်တွေအနေနဲ့ သွေးအတွင်း အချိုဓာတ်လွန်ကဲနေပေမယ့် တစ်ခါတစ်ရံ အချိုဓာတ်လွန်ကဲစွာကျဆင်းတာတွေ ဖြစ်တတ်ပါတယ်။ ဗိုက်ဆာတာ၊ ခေါင်းမူးတာ၊ နှလုံးတုန်တာ၊ တုန်တုန်ရီရီဖြစ်တာ၊ ချွေးထွက်များတာ၊ စိတ်တိုတာ၊ ပင်ပန်းနွမ်းနယ်တာ အပြင် သတိလစ်တာ စတဲ့လက္ခဏာတွေဟာ သွေးအတွင်း အချိုဓာတ်လွန်ကဲစွာ ကျဆင်းတဲ့လက္ခဏာတွေ ဖြစ်ပါတယ်။

သွေးတွင်း အချိုဓာတ်အလွန်အမင်း ကျဆင်းတာဟာ ဆီးချိုသွေးချိုဝေဒနာရှင်တွေအတွက် အရေးကြီးတဲ့အချိန်ဖြစ်တဲ့အတွက် ချက်ချင်းမကုသနိုင်ရင် အသက်အန္တရာယ်စိုးရိမ်ရပါတယ်။ ဒါကိုလည်း အမြဲသတိထားပြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေဖို့လိုပါတယ်။ ဆေးကုသနေစဉ် ဆီးချိုအတက်အကျ အပြောင်းအလဲထူးခြားရင်၊ ကြားကာလနေထိုင်မကောင်းဖြစ်ပြီး အစားအသောက်အပြောင်းအလဲဖြစ်ရင် မိမိသဘောနဲ့ ဆေးကို မရပ်ပါနဲ့။ မိမိကို ကုသပေးနေတဲ့ ဆရာဝန်နဲ့အမြန်ဆုံးပြန်လည်ပြသပြီး အကြံဉာဏ်ရယူပါ။ ဆီးချိုသွေးချိုကို ကောင်းစွာထိန်းထားနိုင်မှသာ နောက်ဆက်တွဲရောဂါတွေဖြစ်တဲ့ မျက်စိရောဂါ၊ ခြေထောက်မှာ ဖြစ်တတ်တဲ့ရောဂါ၊ အရေပြားရောဂါ၊ သွားနဲ့ခံတွင်းမှာဖြစ်တဲ့ ရောဂါတွေ ခံစားရမှုကို သက်သာစေမှာ ဖြစ်ပါတယ်။



**တွေ့ဆုံမေးမြန်း - မင်းသစ် /သီသီမင်း**

မေး ။ ။ ဆီးချိုသွေးချိုရောဂါနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေရှိရင် သိချင်ပါတယ်။

ဖြေ ။ ။ အခု ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၃ ရက်နဲ့ ၂၄ ရက်မှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့ မြန်မာနိုင်ငံဟော်မုန်းရောဂါဗေဒပညာရှင်များအသင်းနဲ့ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းတို့ ပူးပေါင်းပြီး ဒုတိယအကြိမ်မြောက် နိုင်ငံတကာဆီးချိုသွေးချိုနဲ့ ဟော်မုန်းရောဂါ ဆေးပညာညီလာခံကို ရန်ကုန်မြို့ Melia Hotel မှာ ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံမှာ နိုင်ငံတကာဆေးပညာရှင်တွေ ရဲ့ သုတေသနတွေ့ရှိချက်တွေ၊ ကုထုံးတွေကို လေ့လာသိရှိခွင့်၊ ဖလှယ်ခွင့်ရခဲ့ပါတယ်။ ဒါဟာ ဆီးချိုသွေးချိုရောဂါကုသရေးမှာ များစွာအထောက်အကူပြုပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ဆီးချိုသွေးချိုနဲ့ ဟော်မုန်းရောဂါကာကွယ်ကုသတိုက်ဖျက်ရေးမှာ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဟော်မုန်းရောဂါဗေဒပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါတိုက်ဖျက်ရေးစီမံချက်၊ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းတို့ ပူးပေါင်းပြီး ကျေးလက်ဒေသတွေအထိ ကွင်းဆင်းဆောင်ရွက်နေတာတွေရှိပါတယ်။

မေး ။ ။ နောက်ဆုံးသတိပေးချက်လေး ပြောပြပေးပါဆရာ။

ဖြေ ။ ။ ဆီးချိုသွေးချိုရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ပါ။ မဖြစ်အောင်နေပါ။ ဆီးချိုသွေးချိုရောဂါလက္ခဏာတစ်ခုမက တွေ့လာရပြီဆိုရင် အမြန်ဆုံးဆရာဝန်နဲ့တိုင်ပင်ပြီး ဆေးဝါးကုသမှုခံယူရမယ်။ ညွှန်ကြားချက်တွေ လိုက်နာပါ။ ဆီးချိုသွေးချိုရောဂါဟာ ကုသလို့ပျောက်ကင်းတဲ့ ရောဂါမဟုတ်တဲ့ နာတာရှည်ရောဂါဖြစ်တဲ့အတွက် ရောဂါဖြစ်လာပြီဆိုရင် လူမှုဒုက္ခတွေ ခံစားရမှာ ဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ကြပါလို့ ပြောချင်ပါတယ်။ အကျယ်တဝင့် သိရှိလိုတာများရှိရင် Myanmar Diabetes Association အမည်နဲ့ ဖွင့်ထားတဲ့ Website နဲ့ တကွ အခြားလူမှုမီဒီယာတွေမှာလည်း ဝင်ရောက်လေ့လာလို့ ရပါတယ်လို့ ပြောကြားလိုပါတယ်။ ။

# ဟိုတယ်များအနေဖြင့် မြန်မာမှုပစ္စည်းများနှင့်မြန်မာ့အစားအစာများကို တန်ဖိုးမြင့်ပုံစံများဖြင့် တီထွင်ဆန်းသစ်အသုံးပြုနိုင်ရေးကြိုးစား

**နေပြည်တော် ဩဂုတ် ၂၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ရှိသူများက ဧည့်ဝန်ဆောင်မှုပေးနေမှု၊ ဧည့်သည်လာရောက်တည်းခိုမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် နိုင်ငံတကာနှင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားရှိသော ဟိုတယ်ဆိုင်ရာစံသတ်မှတ်ချက်များအတိုင်း အဆင့်အတန်းမီ ဟိုတယ်များ ဖြစ်စေရေး၊ ကောင်းမွန်သော စီမံခန့်ခွဲမှုပုံစံများနှင့် အလေ့အကျင့်ကောင်းများ မျှဝေပေးကြရေး၊ မြန်မာမှုပစ္စည်းများနှင့် မြန်မာ့အစားအစာများကို တန်ဖိုးမြင့်ပုံစံများဖြင့် တီထွင်ဆန်းသစ်အသုံးပြုနိုင်ရန် ကြိုးစားကြရေး၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်တည်းခိုမှုများပြားစေရန် ဆွဲဆောင်ကြိုးစားကြရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ကန်တော်ကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် တွေ့ဆုံနှုတ်ဆက်ကာ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း၊ ဧည့်ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှ လိုအပ်လျက်ရှိသော လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Chatrium ဟိုတယ်၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၆–၂၀၃၀) ရေးဆွဲနိုင်ရေး၊ မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးဆိုင်ရာအစီအစဉ်များ ရေးဆွဲရေး၊ နိုင်ငံတကာ၌ ခရီးသွားမြှင့်တင်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေသည့် လေ့လာချက်များနှင့် ကိုးကား အကောင်အထည်ဖော်ရေး၊ ခရီးသွားမြှင့်တင်ရေးအဖွဲ့တွင် ပါဝင်သည့် ရည်ရွယ်ချက်၊



ရည်မှန်းချက်များအား အကောင်အထည်ဖော်နိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကိုတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၆ – ၂၀၃၀) ကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ရေး အစိုးရ–ပုဂ္ဂလိကကိုယ်စားလှယ်များပါဝင်သောလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြရေး၊ စီမံကိန်းများ ရေးဆွဲရာတွင် အချိန်၊ တန်ဖိုး၊ လုပ်နည်းနှင့် ကုန်ကျမှုတို့ကို ဟန်ချက်ညီအောင်ဆောင်ရွက်ကြရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

## နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များ အဖွဲ့အစည်းအသီးသီးက ထပ်မံထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့်ကျောက်မဲမြို့ကို ဆက်သွယ်ထားပြီး မန္တလေး–လားရှိုး ရထားလမ်းပေါ်၌ တည်ရှိသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည့်အပြင် အဖွဲ့အစည်းအသီးသီးကလည်း အဆိုပါ အကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များကို ဩဂုတ် ၂၅ ရက်မှစ၍ ထုတ်ပြန်ခဲ့ကြသည်။

ယနေ့တွင်လည်း မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာ–အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအဖွဲ့တို့က TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်ကြသည်။ အဆိုပါထုတ်ပြန်ချက်များတွင် အများပြည်သူခရီးသွားလာရေးနှင့် ကုန်သည်များကူးသန်းရောင်းဝယ် ဖောက်ကားရေးအတွက် အရေးပါပြီး ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သည့် သမိုင်းဝင်အထင်ကရ တံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ ရက်စက်ယုတ်မာစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်အား မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၊ ငြိမ်းချမ်းရေးကို လိုလားသော တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်ထပ်တူ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ဖော်ပြထားကြသည်။

ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးသည် မြန်မာနိုင်ငံ၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး အဆိုပါ ဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း၊ တံတားတိုင်အမှတ် (P–16) နှင့် ကမ်းကပ်ခုံ(AB–2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB–2) တို့ ပျက်စီးသွားခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း/ပြည်ပခရီးသွားပြည်သူများ အများအပြားလာရောက် ကြည့်ရှုလေ့လာကြပြီး မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသော တံတားတစ်စင်းဖြစ်၍ ထိုကဲ့သို့ ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်မှုအား မြန်မာ–အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ–အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်**
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

### မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ မြန်မာ့အမွေအနှစ်ဖြစ်သည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

### ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

TNLA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရ သမိုင်းအမွေအနှစ် အမှတ်အသားတစ်ခုဖြစ်သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားတံတားအား ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြောင်းသိရသည်။

သို့ဖြစ်၍ ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော သမိုင်းဝင်အထင်ကရ တံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူခရီးသွားလာရေး၊ ကုန်သည်ကူးသန်းရောင်းဝယ် ဖောက်ကားရေးအတွက် အရေးပါသည့် ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားတံတားအား ရက်စက်ယုတ်မာမိုက်မဲစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်အား မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ငြိမ်းချမ်းရေးကို လိုလားသော တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်ထပ်တူ မိမိတို့ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအဖွဲ့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချအပ်ပါကြောင်း။

**မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအဖွဲ့**

# (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၆

(၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development-AMMSWD and Related Meetings)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် Video Conference ဖြင့် ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ M-Gallery Hotel ၌ လက်ခံကျင်းပသည်။ (ယာပုံ)

အဆိုပါ အစည်းအဝေးများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် အကြိမ်(၂၀)မြောက် အာဆီယံ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများဖိုရမ် (20th ASEAN GO-NGO Forum) ကို ဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံနိုင်ငံများရှိ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ အစိုးရဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ Forum တွင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအပေါ် အာဆီယံဒေသတွင်းနိုင်ငံအသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ Speaker များက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး အကြံပြုချက်များကို ဖော်ထုတ်ခဲ့သည်။

ဩဂုတ် ၂၇ ရက်တွင် (၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆု (3rd ASEAN Outstanding Social Welfare and Development Award-AOSWADA) ပေးပွဲအခမ်းအနား၊ (၂၁)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (21st SOMSWD Meeting) ကို လည်းကောင်း၊ ၂၈ ရက်တွင် အကြိမ် (၂၀)မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ+၃ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (20th SOMSWD + 3 Meeting)နှင့် (၇)ကြိမ်မြောက်အာဆီယံဒေသတွင်းအားလုံးအကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများ ကွန်ရက်အစည်းအဝေး (7th Network of Experts on Inclusive Entrepreneurship for ASEAN-NIEA) တို့ကိုလည်းကောင်း၊ ၂၉ ရက်တွင် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development-AMMSWD) နှင့် (၈)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ+၃ ဝန်ကြီးများအဆင့် အစည်းအဝေး (8th AMMSWD+3 Meeting)တို့ကို လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)၏မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့အကြား လက်မှတ်ရေးထိုးထားသည့် လုပ်ငန်းစီမံချက်အရ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပေးအပ်ခဲ့မှု၊ အဆိုပါလုပ်ငန်းစီမံချက် သက်တမ်းတိုး ဆောင်ရွက်ရေး၊ ငလျင်ဘေးသင့်ပြည်သူများအတွက် အကူအညီပေးအပ်ခဲ့မှု၊ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော UNFPA ဝန်ထမ်းများ၏ ဗီဇာနှင့် နေထိုင်ခွင့်ဆိုင်ရာကိစ္စရပ်များအတွက် ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## *နိုင်ငံတကာသတင်းများ*

## ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ကဂျိကိကြောင့် သုံးဦးသေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရ

ဟန်နွိုင်း ဩဂုတ် ၂၆

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိုင်ဖွန်းမုန်တိုင်း ကဂျိကိကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ဩဂုတ် ၂၆ ရက်တွင် ပြောသည်။

အဆိုပါဖြစ်ရပ်များကြောင့် သုံးဦး သေဆုံးကာ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် မုန်တိုင်း ကဂျိကိကြောင့် နေအိမ် ၆၈၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး စပါးစိုက်ခင်း ဟက်တာ ၂၈၀၀၀ ကျော်နှင့် အခြားကောက်ပဲသီးနှံ စိုက်ခင်းဟက်တာ ၂၂၀၀ ကျော် ရေနစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။ မုန်တိုင်းဒဏ်သင့် ပြည်နယ်များတွင် သစ်ပင်ပေါင်း ၁၈၀၀၀ နီးပါး လဲကျမှုဖြစ်ပွားခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ပြည်သူ့အသံ အသံလွှင့်ဌာနက ကိုးကားပြောကြားထားသည်။

မုန်တိုင်း ကဂျိကိ တိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားတိုင်ပေါင်း ၃၃၁ တိုင်လဲကျခဲ့ပြီး သုံးစွဲသူ ၁ ဒသမ ၃ သန်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ကြုံတွေ့နေရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဒေသအာဏာပိုင်များအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ကာ ထိခိုက်ပျက်စီးမှုများကိုလည်း ဆန်းစစ်အကဲဖြတ်လျက်ရှိသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ကား အားသွင်းကွန်ရက် တည်ဆောက်

ပေကျင်း ဩဂုတ် ၂၆

တရုတ်နိုင်ငံသည် (၁၄) ကြိမ်မြောက် ငါးနှစ်စီမံကိန်း ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ကား (အီးဗွီ) အားသွင်းကွန်ရက်ကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၆ ရက်တွင် ပြောသည်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးအဖွဲ့ အကြီးအကဲဖြစ်သူ ဝမ်ဟုန်ကျိက တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အကြီးဆုံးနှင့် အလျင်မြန်ဆုံးတိုးတက်နေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်ကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။ **ဆင်ဟွာ**

## ပေါ်တူဂီနိုင်ငံ၌ အကြီးဆုံး တောမီးလောင်မှု ထိန်းချုပ်နိုင်ပြီ



လစ္စဘွန်း ဩဂုတ် ၂၆

ပေါ်တူဂီနိုင်ငံ အာဂနီလ်မြို့နယ် ပီအိုဒါအိုရွာ၌ စတင်ဖြစ်ပွားခဲ့သည့် တောမီးသည် မီးလောင်သည့် ဧရိယာအကျယ်အဝန်း ၆၄၄၅၁ ဟက်တာအထိ လောင်ခဲ့သောကြောင့် နိုင်ငံသမိုင်းတစ်လျှောက်တွင် အကြီးဆုံးတောမီးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဩဂုတ် ၂၅ ရက် ထုတ်ပြန်ချက်အရ သိရသည်။

သဘာဝ ထိန်းသိမ်းရေးနှင့် သစ်တောများဆိုင်ရာအဖွဲ့ (အိုင်စီအင်န်အက်ဖ်) က ဖော်ပြသော အစီရင်ခံစာက လက်ရှိမီးလောင်မှုမှာ ယခင် ၂၀၁၇ ခုနှစ်က စံချိန်တင်ခဲ့သည့် ဗီလာရင်ဟိုမြို့မှ ဟက်တာ ၅၃၀၀၀ လောင်ခဲ့သည့် လူးဆာမီးလောင်မှု စံချိန်ကို ကျော်လွန်သွားပြီ ဖြစ်ကြောင်း အတည်ပြုထားသည်။

အဆိုပါ တောမီးသည် ဩဂုတ် ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီမှ စတင်လောင်ခဲ့ပြီး နာရီအနည်းငယ်အတွင်း လျင်မြန်စွာ ကူးစက်ပျံ့နှံ့လောင်ခဲ့ကြောင်း၊ ၁၁ ရက်ကြာ ပြင်းထန်စွာလောင်ခဲ့သော တောမီးသည် ပေါ်တူဂီနိုင်ငံအလယ်ပိုင်းရှိ ဒေသများကို ကူးစက်ပျံ့နှံ့လောင်ခဲ့ကြောင်း၊ ဩဂုတ် ၂၄ ရက်တွင် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

ပေါ်တူဂီနိုင်ငံတွင် ယခုနှစ်အတွင်း ဩဂုတ် ၂၄ ရက်အထိ အဓိက တောမီးလောင်မှုအကြိမ် ၈၀ အထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆူဒန်နိုင်ငံသို့ ၁၀ လအတွင်း အသက်ကယ်အကူအညီများပါသည့် ကုလသမဂ္ဂအကူအညီပေးရေးယာဉ်တန်း ရောက်ရှိ

ဂျီနီဗာ ဩဂုတ် ၂၆

ဆူဒန်နိုင်ငံ ဆော့ဘ်ကော်ဒိုဖန်ပြည်နယ်ရှိ ဒီးလင်းဒေသသို့ ၁၀ လအတွင်း ပထမဆုံးအကြိမ်အဖြစ် အသက်ကယ် အကူအညီများပါသည့် ယာဉ်တန်းရောက်ရှိလာကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက ဩဂုတ် ၂၅ ရက်တွင် ပြောသည်။

**ဝိုင်းဝန်းပိတ်ဆို့ခံထား**

ထို့နောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ယာဉ်တန်းသည် ပြည်နယ်၏ မြို့တော်ကာဒူဂလီမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က ပြောသည်။ အဆိုပါ ထောက်ပံ့ကူညီမှုများသည် ဒီးလင်းနှင့် ကာဒူဂလီဒေသတွင် အကူအညီလိုအပ်သူ ၁၂၀၀၀၀ ကျော် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် လူသားချင်းစာနာမှု အကူအညီလိုအပ်မှုမှာ အလွန်ဆိုးရွားသော အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ လူပေါင်းများစွာမှာလည်း လပေါင်းများစွာကြာ ဝိုင်းဝန်းပိတ်ဆို့ခံထားရကြောင်း အိုစီအိတ်ချ်အေက ပြောသည်။

ဆူဒန်နိုင်ငံ မြောက်ဒါဖာပြည်နယ်တွင် ပဋိပက္ခများ ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ မြောက်ဒါဖာပြည်နယ် မီလစ်ခရိုင်တွင် အစာအာဟာရပြတ်လပ်မှုအကျပ်အတည်းနှင့်ပတ်သက်ပြီး အလွန်အမင်းစိုးရိမ်ကြောင်း အိုစီအိတ်ချ်အေက ပြောသည်။ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့၏မကြာသေးမီက ကောက်ယူရရှိခဲ့သော စစ်တမ်းတစ်ခုတွင် ကလေးသူငယ်သုံးဦးအနက် တစ်ဦးမှာ အပြင်းအထန်အာဟာရချို့တဲ့မှု ဖြစ်ပွားလျက်ရှိကြောင်း ဖော်ပြထားသည်။

**နောက်ဆက်တွဲ ပြဿနာများ**

ယင်းသို့ ဖြစ်ပွားမှုကြောင့် အသက်ငါးနှစ်အောက် ကလေးသူငယ် ထောင်ပေါင်းများစွာမှာ ပြင်းထန်သော ဖျားနာမှုများ၊ ဖွံ့ဖြိုးမှုဆိုင်ရာ နောက်ဆက်တွဲ ပြဿနာများနှင့် အသက်သေဆုံးမှုများကို အလျင်အမြန်ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ် ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာ တင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့် နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည် ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
( ခ ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
( ဂ ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
( င ) ဆေးတက္ကသိုလ်၊ မကွေး
( စ ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)
( ဇ ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၅-ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့မှ(၁၉)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၆-၈-၂၀၂၅)



## တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် မီဒီယာများတွေ့ဆုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်နှင့် စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံဆွေးနွေးပွဲ (တတိယသုံးလပတ် မြန်မာ - တရုတ် မီဒီယာတွေ့ဆုံပွဲ) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ မြန်မာနိုင်ငံ အခြေစိုက် တရုတ်သတင်းဌာနများ၊ မြန်မာ - တရုတ် နှစ်နိုင်ငံမှ သတင်းမီဒီယာများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ "ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့စစ်မြေပြင်သို့ တရုတ်ခရီးရှည် ချီတက်တပ်ဝင်ရောက်တိုက်ခိုက်ရေး၏ အနက်အဓိပ္ပာယ်" Video Clip ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားက ယခုမီဒီယာတွေ့ဆုံပွဲသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့် နိုင်ငံများ၊ ပြည်သူများနှင့်အတူ သမိုင်းကြောင်းကို မမေ့မလျော့ဘဲ အနာဂတ်ကောင်းတစ်ခုအတူတူ ဖန်တီးနိုင်ရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဒေသတွင်းနိုင်ငံများ အနေဖြင့် ပဋိပက္ခများနှင့် စစ်ပွဲများရှောင်ရှားလျက် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူ ငါးချက်နှင့်အညီ ငြိမ်းချမ်းရေးကို တန်ဖိုးထားဦးတည်ဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြား စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ အေးချမ်းသာယာမှုများနှင့်အတူ အနာဂတ်ကာလတွင် အိမ်နီးချင်းကောင်းပီသစွာ ရပ်တည် နေထိုင်သွားကြပါစို့ဟု ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံမှ သတင်းမီဒီယာများက နှစ်နိုင်ငံဒေသအတွင်း အနာဂတ်ငြိမ်းချမ်းရေး အသိုက်အဝန်း အတူတကွ ဖော်ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

## လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅)ခုရှိ လူမှုရေးပင်စင် အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ၁-၉-၂၀၂၅ ရက်မှ ၂၈-၁၁-၂၀၂၅ ရက်အထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား (မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေထုတ်ယူနိုင်ပြီ ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT)တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့် ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ၂၂-၉-၂၀၂၅ ရက်မှ ၂၂-၁၂-၂၀၂၅ ရက်အထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေ ထုတ်ယူနိုင်ပြီ ဖြစ်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေး ပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## မိတ္ထီလာမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

**မိတ္ထီလာ ဩဂုတ် ၂၆**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်းကျင်းပသည့် မြို့ပေါ်ရပ်ကွက်များနှင့် ရှမ်းတဲတိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု (၉)အုပ်စုတို့မှ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းအခမ်းအနားကို ယနေ့နံနက်က သီရိမင်္ဂလာရပ်ကွက် အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနန္ဒကျော်သူက မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုကာ ဆန္ဒမဲပေးရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မြင့်က ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲ အရာရှိ ဒေါ်တင်မိုးလတ်က မဲပေးပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး သရုပ်ပြပွဲသို့ တက်ရောက်လာသော မြို့ပေါ်ရပ်ကွက် (၁၄) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **ဘူးသီးတောင်မြို့နယ်အတွင်း ငှက်သေကျေးရွာအုပ်စု ထန်းရှောက်ခံကျေးရွာမှ ဒေသခံ ဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးတုံးသတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၇၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များ အားလျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်းတစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၆၇ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၇၁၂ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၀ အား ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၉ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၇ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၆**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မွဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၇ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၂၀ စုစုပေါင်း ပြည်ပနိုင်ငံသား ၅၇ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. Vinsky Garcia Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၆၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငါးဖမ်းသင်္ဘောပေါ်သို့ မတရားပို့ခံရသည့် လူသစ်သင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိ



**ရန်ကုန် ဩဂုတ် ၂၆**

ငါးဖမ်းသင်္ဘောပေါ်သို့ မတရားပို့ခံရသည့် လူသစ်သင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ၃၇ လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က သင်္ဘောသားများ၊ ပြည်ပသင်္ဘောသွားရောက်မှုနှင့်ပတ်သက်၍ မိဘများအား ရှင်းလင်းပြောကြားသည်။ (ဓာတ်ပုံ)

ထို့နောက် ငါးဖမ်းသင်္ဘောပေါ်သို့ မတရားပို့ခံရသည့် လူသစ်သင်္ဘောသားလေးဦးက မြန်မာနိုင်ငံမှ အိုမန်နိုင်ငံသို့ ရောက်ရှိခဲ့မှုနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမှု အတွေ့အကြုံများကို ပြောကြားသည်။ ယင်းငါးဖမ်းသင်္ဘောပေါ်သို့ မတရားပို့ခံရသည့် လူသစ် သင်္ဘောသားများသည် ဩဂုတ် ၁၂ ရက်က အိုမန်နိုင်ငံသို့ ရောက်ရှိပြီး ဩဂုတ် ၂၆ ရက်တွင် မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **မျိုးမင်းသူရ**

# စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပ

**ပြည် ဩဂုတ် ၂၆**

စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ပြည်တက္ကသိုလ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က အမှာစကားပြောကြားပြီး ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက စားသုံးသူကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို အသိပညာပေးဆွေးနွေးဟောပြောသည်။



ယင်းနောက် အဆိုပါ အသိပညာပေး ဟောပြောဆွေးချက်များအပေါ် တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ပြီး ခရိုင်စားသုံးသူရေးရာ ဝန်ထမ်းများက စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# လယ်ဝေးမြို့နယ်အတွင်း မိုးစပါးအပြည့်အဝစိုက်ပျိုးရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲရေး အသိပညာပေးမှု ကွင်းဆင်းကြည့်ရှု

လယ်ဝေး ဩဂုတ် ၂၆

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ KCတွင် ကွမ်းခြံ၊ ပိတောက်ချောင်၊ စိုင်ခေါင်းရိုး၊ ရုံးပင်၊ အေလာ၊ လက်ပန်ခုံကျေးရွာများမှ တောင်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်များဖြင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက သဘာဝမြေဆွေး ပြုလုပ်နည်းများနှင့် မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက တောင်သူများအား EM ဖျော်ရည်များနှင့် သီးနှံပေါ်ငွေချေစနစ်ဖြင့် သွင်းအားစုများ ပေးအပ်သည်။ ထို့နောက် ကွမ်းခြံ KC တွင် သဘာဝမြေဆွေးများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုအားပေးသည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် အောင်မြင်ဖြစ်ထွန်းနေသော ကွမ်းခြံကျေးရွာ ကွင်းအမှတ် (၁၇၃၂) တောင်သူ ဦးခင်မောင်ရင်၏ ပေါ်ဆန်း ၂ စပါးမျိုး စိုက်ပျိုးထားရှိမှုကို ပိတောက်ချောင်ကျေးရွာ ကွင်းအမှတ် (၁၇၃၂) တောင်သူ ဦးညွန့်အောင်၏ ပေါ်ဆန်း ၂ စပါးမျိုး ၉ ဧက စိုက်ပျိုးထားရှိမှုများကို လည်းကောင်း၊ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါက်ခေါင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

ပေါက်ခေါင်း ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်၌ ယမန်နေ့မှစ၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်မျိုးမြတ် ဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းများက ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန် တိုင်းပေးခြင်း၊ ECGစက်ဖြင့် နှလုံးနှုန်းစစ်ဆေးပေးခြင်း၊ ရောဂါရှာဖွေပေးခြင်း၊ အထွေထွေရောဂါများ စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် စနစ်တကျ ကုသပေးခြင်းများကို ဆောင်ရွက်ပေးပြီး ရောဂါတွေ့ရှိမှုအပေါ် မူတည်၍ ဆေးဝါးများကို တစ်လစာ အခမဲ့ပေးသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း လုပ်ငန်းများကို မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ လစဉ် ၂၀ ရက်မှစ၍ အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

# ပခုက္ကူမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

ပခုက္ကူ ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။



ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော ကျောက်ထုမြို့နယ်ခွဲရုံးမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ချိုချိုဝင်းက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် လျှင်ဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေးများ၏ ကြိုတင်ပြင်ဆင်ရေးနည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက မိမိသိရှိထားသည့် အသိပညာများကို လက်တွေ့အသုံးပြုကြရန်၊ စုပေါင်းဝိုင်းဝန်းဆောင်ရွက်တတ်စေရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး မုန်တိုင်းဘေးအသိပညာများ၊ မိုးလေဝသ သတိပေးအချက်အလက်များကို နားထောင်ကြပြီး မိသားစုဝင်များနှင့် အနီးအနားရှိပြည်သူများအား အသိပေးကြရန်၊ သဘာဝဘေးအန္တရာယ်ဖြစ်လာပါက ဘေးကင်းလုံခြုံသည့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် စသည့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးသည်။

အဆိုပါ ဟောပြောပွဲသို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မယ်ခွေ

# စည်ပင်သာယာမြို့မဈေးနှင့် ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသည့် အိမ်သုံးဆားများ၌ အိုင်အိုဒင်းဓာတ်ပါဝင်မှုအား တာဝန်ရှိသူများစစ်ဆေး

ကံမ ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီး ကံမမြို့ စည်ပင်သာယာမြို့မဈေးနှင့် ကုန်စုံဆိုင်များတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့် အိမ်သုံးဆားများ၌ အိုင်အိုဒင်းဓာတ်ပါဝင်မှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပူးပေါင်းဆောင်ရွက်ကြပြီး ရောင်းချလျက်ရှိသည့် အိမ်သုံးဆားများ၌ အိုင်အိုဒင်းဓာတ်ပါဝင်မှုများသည့် ဆားများကို ရောင်းချပေးစေရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)



# မြို့နယ်များ၌ အာဟာရရက်သတ္တပတ် အခမ်းအနားများ ကျင်းပ

ပင်လောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် "ကလေးများအနာဂတ် လှပဖို့၊ မိခင်နို့ချိုတိုက်ကျွေးလို့ ရင်းနှီးမြှုပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ ခုနှစ် အာဟာရရက်သတ္တပတ်များ မြို့နယ်အဆင့်အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၂၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကလေးများအား ဗီတာမင်ဆေးလုံး၊ သန်ချဆေးများတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်ဆေးပြား၊ ဗီတာမင်B1 ဆေးပြားများ ဖြန့်ဝေတိုက်ကျွေးခြင်းနှင့် ငါးနှစ်အောက်ကလေးများအား လက်ဆောင်များ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဩဂုတ် ၂၆ ရက်က အမှတ်(၇) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အာဟာရကျွေးမွေးခြင်းဆောင်ရွက်ရာတွင် အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်နှင့် ဆရာ ဆရာမများ ပူးပေါင်း၍ KG ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေ သန့်ရှင်းရေးအကြောင်းများ ရှင်းလင်းပြောကြားပြီး စနစ်တကျ လက်ဆေးနည်းများ၊ သွားနှင့်ခံတွင်း သန့်ရှင်းရေးလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်ပြီး ကုလားပဲ၊ ကြက်ဥ၊ အာဟာရထမင်းများနှင့် ငှက်ပျောသီးကျွေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



# မိုင်းဆတ်မြို့၌ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဒေသများသို့ ဒေသကြက်ဖြန့်ဖြူးပေးအပ်

မိုင်းဆတ် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဒေသများတွင် ဒေသခံပြည်သူများ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် ဒေသ ကြက်ဖြန့်ဖြူးပေးအပ်ပွဲကို ယမန်နေ့က မယ်နင်ကျေးရွာအုပ်စု တောင်ညိုကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုဇော်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်ညိုကျေးရွာရှိ အိမ်ထောင်စု ၁၀ စုအတွက် တစ်အိမ်ထောင်လျှင် ဒေသကြက် ၁၀ ကောင်နှုန်းဖြင့် စုစုပေါင်း ဒေသကြက်ကောင်ရေ ၁၀၀ အား မွေးမြူရေးတောင်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

## ပျဉ်းမနားမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၆**
နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်အတွင်း မိုးစပါး စိုက်ပျိုးနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာရှိ တောင်သူ ဦးခင်စိုး၏ ကွင်းအမှတ်(၁၇၀၇)၌ ကောက်စိုက်စက်ဖြင့် ထိုင်းနှံကောက် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး မိုးစပါးစိုက်တောင်သူများအား ကောက်စိုက်စက် အသုံးပြုကာ စိုက်ပျိုးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ကံဦးကျေးရွာသို့ သွားရောက်၍ ကျေးရွာလူထုခန်းမ၌ ကျင်းပသည့် မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိန်ကိုက်၊ အချိုးကျ အသုံးပြုစေရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးနှင့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန် လိုကြောင်းမှာကြားပြီး နေပြည်တော်ကောင်စီဝင်က ဓာတ်မြေဩဇာသွင်းအားစုများကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လူငယ်ရေးရာ အသိပညာပေး ဟောပြော

**မန္တလေး ဩဂုတ် ၂၆**
မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၃၅) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ခံဆရာမကြီး ဒေါ်သန်းသန်းဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက လူငယ်နှင့် စာရိတ္တ ခေါင်းစဉ်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းက လူငယ်နှင့်အားကစား ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင် ခင်းကျင်းပြသထားမှုကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

**ချမ်းမြေ့ (ချမ်း/စည်)**



## ငလျင်နှင့်သက်ဆိုင်သော အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၂၆**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် (ပဲခူးအသင်းခွဲ) တို့ ပူးပေါင်း ကျင်းပပြုလုပ်သည့် ငလျင်နှင့်သက်ဆိုင်သော အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးတင်ဆွေက ပဲခူးတိုင်းဒေသကြီးသည် ငလျင်အန္တရာယ် မြင့်မားသောနေရာတွင် တည်ရှိသည့်အတွက်ကြောင့် အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်ရန် တည်ဆောက်ခြင်း၊ ရှိပြီးသား အဆောက်အအုံများကို စစ်ဆေးခြင်း၊ ငလျင်ဒဏ်အတွက် ကြိုတင်အစီအမံများ ထားရှိခြင်းများလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်သူအများစုမှာ ငလျင် ဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများရရှိစေရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် တာဝန်ရှိသူများက တိုင်းထွာရေး စက်ကိရိယာပစ္စည်းများ၊ တည်ဆောက်ပြုပြင်ရေးတွင် ထည့်သွင်းသုံးစွဲရန် ပစ္စည်းများ၊ Chemical များ၊ ကြိုတင်သွင်းလောင်း ကွန်ကရစ်ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါ ဟောပြောပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအတွင်းရှိ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ခြုံငုံသုံးသပ်ချက်များအားလည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ဘူမိဗေဒနှင့် ကမ္ဘာမြေဆိုင်ရာ အန္တရာယ်များနှင့် ပတ်သက်၍ လည်းကောင်း၊ Earthquake Engineering and Structural Design Philosophy of Earthquake resistant Building ခေါင်းစဉ်နှင့်ပတ်သက်၍ လည်းကောင်း၊ Rapid Visual Screening for Earthquake Risk Assessment of Existing Building ခေါင်းစဉ်နှင့် ပတ်သက်၍ လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ယင်းမာပင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

**ယင်းမာပင် ဩဂုတ် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အေးက စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းများ လစဉ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များက စာရေးဆရာ သိုက်စိုးထွန်း (နတ်ရွာ) ရေးသားသည့် သိတဲ့ မြင်တဲ့အတိုင်း စာအုပ်တွင် ဖော်ပြပါရှိသော စာဖတ်သူတိုင်း စာဖတ်ရေး အားလုံးပါဝင်ကူညီပေး၊ ပြိုင်တူတွန်းကြပါစို့၊ လူငယ်နှင့် ဆက်ဆံရေး၊ အရေးကြီးတာ အရင်လုပ်စသည့် ဆောင်းပါးများကို တစ်ဦးချင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဟင်္သာတမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းဖွင့်



**ဟင်္သာတ ဩဂုတ် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချသည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှမိုးက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ရန် အချက်များနှင့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သုံးရက်ကြာ သင်တန်းသား သင်တန်းသူ ၂၈ ဦးတို့အား ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်ဆောင်မြို့၌ တောင်သူများအား အသိပညာပေးဆွေးနွေး

**ပန်ဆောင် ဩဂုတ် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့၌ စပါးစိုက်ခင်းများတွင် ငမြှောင်တောင်ပိုးကျရောက်မှုမရှိစေရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ကကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးယုတ္တိ၊ မြေစာရင်းဦးစီးမှူး ဦးဇော်မင်းဝင်းတို့က ကုန်းမြင့်လယ်ယာ ဖော်ထုတ်ရေးနှင့်ပုံစံ (၇) ထုတ်ပေးခြင်း လုပ်ငန်းတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အောင်မြင်ဖြစ်ထွန်းနေသော GW-11 စပါးခင်းများအတွင်း ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **ပန်ဆောင်(ပြန်/ဆက်)**



## ညောင်ရွှေမြို့ လူထုအခြေပြုဗဟိုဌာန၌ MCCT အစီအစဉ်အသိပညာပေး သင်တန်းဖွင့်

**ညောင်ရွှေ ဩဂုတ် ၂၆**
ညောင်ရွှေမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှဆောင်ရွက်သည့် MCCT အစီအစဉ် အသိပညာပေးသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။ **(ယာပုံ)**

သင်တန်းတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားသော အသက် နှစ်နှစ်အောက်ကလေးသူငယ်များအား ထောက်ပံ့ပေးသည့် အစီအစဉ်၊ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဌာနများ၊ ကိုယ်ဝန်ဆောင်နှင့် ကလေးစာရင်းရေးသွင်းခြင်း၊ ထောက်ပံ့ပေးမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များအကြောင်းကို အသိပညာပေး



ဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးစီးအရာရှိက ဖြေကြားကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇလမ်း၊ အမှတ်(၁)/ဘီ-၇တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော MYANMAR EXCITED GROUP CO.,LTD. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ကုမ္ပဏီပိုင်အဖြစ်သုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၂၉-၁၁-၂၀၁၈) ရက်စွဲပါစာချုပ်အမှတ် (၄/၁၃၂၇၄/၂၀၁၈)ဖြင့် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်-

အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head, Internet, Website, Facebook အစရှိသည်တို့ကို ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင် အသုံးပြုသွားမည့်အပြင် ယင်းကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် Sound Box များကို ပြည်ပမှ မှာယူတင်သွင်း၍ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လည်း ဖြန့်ချိရောင်းချလျက်ရှိပြီး၊ ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် အဆိုပါ Sound Box များအား ထည့်သွင်း၊ ထုတ်ပိုးသည့် ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုတ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း အရွယ်အစား အမျိုးမျိုးဖြင့် ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ် အသားတံဆိပ်ပြုလုပ်၍ ဖြန့်ဖြူးရောင်းချ သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(စဉ်-၁၃၀၀၁) (၂၇-၇-၂၀၁၇) LL.B တရားလွှတ်တော်ရှေ့နေ**
**တိုက်-၉/၁၁၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၈၁၂၁၇ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြတ်စိုး ၉/မသန(နိုင်)၀၈၄၃၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၁၈၅-ဂ)၊ ကွင်းယားအနောက်၊ ဦးပိုင်အမှတ်(၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃)၊ ဧရိယာ ၀ ဒသမ ၅၈၄ဧကရှိမြို့မြေအား ပုသိမ်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရွှေမြင့်မိုရ်ဖြတ်လမ်း၊ အမှတ် (၁၅၃၅)နေ (ဘ)ဦးခင်အောင်လွင်၏သား ဦးအောင်အောင်ကျော် ၁၄/ပသန(နိုင်)၁၆၁၁၁၈ မှ မြေငှားဂရန်(အသစ်) လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ကန်ကြီးထောင့်မြို့နယ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၇၄၇၄၃ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းဆွေ ၉/လဝန(နိုင်)၂၇၄၆၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/56277 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်အေးကျော် ၉/ခမစ(နိုင်)၀၀၂၂၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/18403 Honda Wave 100 M.C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင် ၁၄/အမန(နိုင်)၁၅၁၃၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/45255 JJXY 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထိန် ၉/ပသက(နိုင်)၀၀၈၇၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ သိပ္ပံဘွဲ့ (သစ်တောပညာ) B.Sc (Forestry)၊ (၄) နှစ်သို့ တက်ရောက်သင်ကြားခွင့်ရရှိရန်အတွက် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ (၆၄) ဦးနှင့် အမျိုးသမီးဦးရေ (၁၆) ဦးကို (၈၀:၂၀) ဖြင့် လက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-
- (က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်၊
- (ခ) ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS – 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင် စာမေးပွဲတွင် စုစုပေါင်း ရမှတ် ၃၅၀ မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်၊
- (ဂ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာဘာသာရပ်များနှင့် ပတ်သက်၍ တောတွင်း လက်တွေ့ကွင်းဆင်း ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး (က) အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသူဖြစ်ရမည်၊
- (ဃ) မိုင် (၂၀) လမ်းလျှောက်စွမ်းရည်စစ်ဆေးမှု အောင်မြင်ရမည်။
- (င) တက္ကသိုလ်မှ ချမှတ်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၄။ ပထမနှစ်ဝင်ခွင့် လျှောက်လွှာသတ်မှတ်ပုံစံမှာ ပူးတွဲပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A–4 Size) စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-
- (က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မိတ္တူ) (ကျောင်းအပ်သည့် အချိန်တွင် မူရင်းတင်ပြရမည်)၊
- (ခ) ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)၊
- (ဂ) ပြစ်မှု/ ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း သို့မဟုတ် ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် (မူရင်း)၊
- (ဃ) လိုင်စင်ဓာတ်ပုံ (၄) ပုံ။
- (င) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းမှ ကျန်းမာကြောင်း ဆေးစစ်ချက် (မူရင်း)နှင့် မျက်စိအရောင်ခွဲခြားနိုင်ခြင်း (colour Blind) ဆေးစစ်ချက် (မူရင်း)

၆။ လျှောက်လွှာကို စာပိုဒ်အမှတ် (၅) ပါ အထောက်အထားများနှင့်အတူ ၁၀-၁၀-၂၀၂၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ သင်တန်းရေးရာဌာနခွဲ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀၁ (သို့မဟုတ်) Email လိပ်စာ **ufes.registrar@gmail.com နှင့် registrar@ufes.edu.mm** သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းသို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာ အိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဖုန်း - ၀၆၇ ၃၄၁၆၆၈၁ (သို့မဟုတ်) ၀၆၇ ၃၄၁၆၅၁၉ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Website ဖြစ်သော **https://www.monrec.gov.mm** နှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ Website ဖြစ်သော **https://www.ufes.edu.mm** တို့တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လိုင်စင်ဓာတ်ပုံ ကပ်ရန်

### လျှောက်လွှာသတ်မှတ်ပုံစံ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း ပထမနှစ်ဝင်ခွင့်လျှောက်လွှာ (၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

၁။ အမည် (အပြည့်အစုံ) ----------------------------
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------
၃။ လူမျိုး ----------------------------------
၄။ ကိုးကွယ်သည့်ဘာသာ ----------------------
၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း) --
----------------------------------------
၆။ အဖအမည် ---------အလုပ်အကိုင်/ ရာထူး/ ဌာန --------
နေရပ်လိပ်စာ ---------------- ဖုန်းနံပါတ် ----------
-----အမိအမည်--------အလုပ်အကိုင်/ ရာထူး/ ဌာန -----
နေရပ်လိပ်စာ-------------ဖုန်းနံပါတ် -----------
၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် ----- ခုနှစ် ----
စာစစ်ဌာန ------------------------------
၈။ ဝင်ခွင့် လျှောက်ထားသူ၏ ဆက်သွယ်ရန် လိပ်စာ -----------
----------------------------------------
----------------------------------------
ဖုန်းနံပါတ်------------------- Email ----------
၉။ **ဝန်ခံချက်**
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါကြောင်း တာဝန်ယူဝန်ခံချက် လက်မှတ်ရေးထိုးပါသည်။

| **မိဘအုပ်ထိန်းသူ** | | **ဝင်ခွင့်လျှောက်ထားသူ** | |
|---|---|---|---|
| လက်မှတ် | ---------- | လက်မှတ် | ---------- |
| အမည် | ---------- | အမည် | ---------- |
| ရက်စွဲ | ---------- | ရက်စွဲ | ---------- |




## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
### မဟာအောင်မြေခရိုင်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃၄

ဦးတေဇာမင်း နှင့် ၁။ ဦးစိုင်းစိုးဝင်း
၂။ ဒေါ်နှင်းအေး
(တရားလို) (တရားပြိုင်များ)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၀x၇၁ လမ်းကြား၊ ၃၃လမ်း၊အကွက်အမှတ်(၇၉၄)၊ အိမ်အမှတ်(၇၄)နေ ၁။ ဦးစိုင်းစိုးဝင်း၊ ၂။ ဒေါ်နှင်းအေး(ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတေဇာမင်းက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်မျိုးသန့်)
ဒုတိယခရိုင်တရားသူကြီး(၅)
မဟာအောင်မြေခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၀

ဒေါ်ယုံးတီ နှင့် ဦးခင်မောင်တိုး
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ဦးပိုင်(၆)၊ အကွက်(ဓဓ-၁၉)နေ ဦးခင်မောင်တိုး (ဘ) ဦးတင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယုံးတီက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၉)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 56W/2550, Turbo Star 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၄/မအန(နိုင်)၁၇၁၄၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ဟသ်္ာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/89046 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းနိုင် ၇/ပတန(နိုင်)၁၆၀၁၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)
ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/35501 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလိုတလွန်ဇပဲန်း ၄/ဟခန(နိုင်)၀၆၀၄၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ချင်းပြည်နယ်ရုံး
(ဟားခါး)

## အလိမ္မာ စာမှာရှိ

## ဘိုးဘပိုင် မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၅)၊ မင်းလမ်းအကွက်၊ ဦးပိုင်အမှတ်(၇၇)၊ မြေဧရိယာ(၀.၂၂၇) ဧကအနက်မှ (၀.၀၆၇)ဧက၊ ၎င်းအကွက်၊ ဦးပိုင်အမှတ်(၈၁)၊ မြေဧရိယာ (၀.၂၇၆)ဧကအနက်မှ(၀.၁၇၄)ဧက၊ စုစုပေါင်းမြေဧရိယာ (၀.၂၄၁)ဧကရှိ မြေကွက်အား အရှေ့ဘက် - ဦးပိုင်အမှတ်(၈၁)၊(၇၇)၊ အနောက်ဘက်-ဦးပိုင်အမှတ်(၈၀ဃ)(၇၉-က)၊(၇၈)၊(၇၆က)၊ တောင်ဘက်-ဦးပိုင်အမှတ်(၇၅က)၊(၇၅ခ)၊ မြောက်ဘက်-မြသပိတ်ဘုရားလမ်းရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဒေါ်စန်းစန်းအေးမှ လျှောက်ထားလာသည့်အတွက် ဒေါ်စန်းစန်းအေးအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး ၊ သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၅)၊ မင်းလမ်းအကွက်၊ ဦးပိုင်အမှတ် (၂က)၊ ဧရိယာ (၀.၀၆၀)ဧကရှိမြေကွက်အား အရှေ့ဘက် - ဦးပိုင်အမှတ် (၂ဗ)၊(၂င)၊ အနောက်ဘက်- ဦးပိုင်အမှတ် (၁ဃ)၊ တောင်ဘက် - ဦးပိုင်အမှတ် (၃)၊ မြောက်ဘက်-မြသပိတ်ဘုရားလမ်းရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးထင်နိုင်လင်းဟန်မှ လျှောက်ထားလာသည့်အတွက် ဦးထင်နိုင်လင်းဟန်၏အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၁၁)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး၊ သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၉၊ ဦးပိုင်အမှတ် ၆၃+၆၄၊ ၅၇x၅၈ကြား၊ ၁၂၈x၁၂၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမြိုင် ၉/အမရ(နိုင်)၀၂၉၉၃၃ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၆၈/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရှောက်စန်း ၁၃/မနန(နိုင်) ၀၀၉၇၄၅က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည် ။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၉၊ ဦးပိုင်အမှတ် ၆၂+၆၅၊ ၅၇x ၅၈ကြား၊ ၁၂၈x ၁၂၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလှကြိုင် ၉/အမရ(နိုင်)၀၃၁၄၁၇၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၇၀/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရှောက်စန်း ၁၃/မနန(နိုင်) ၀၀၉၇၄၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၈-၂၀၂၅ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်သက်သက်မွန်၏ ကန့်ကွက် နိုင်ပါကြောင်း ကြော်ငြာတွင် ရောင်းချပိုင်ခွင့်ရှိသူ ဦးလှငွေ ၅/ပအန(နိုင်)၂၂၀၄၅၈အစား ဦးလှငွေ ၉/ပဥလ(နိုင်)၂၂၀၄၅၈ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(၁) Grade-5 မှ (ဘ)ဦးကျော်သူ၏သမီး မသဒ္ဒါဖြူ၏ အမည်မှန်မှာ မသဒ္ဒါသူဖြစ်ပါကြောင်း။ **မသဒ္ဒါသူ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊နတ်စဉ်ကုန်း အထက်တန်းကျောင်း Grade-10(C)မှ မနှင်းဝေအောင် ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦး ၇/တငန(နိုင်)၁၄၂၉၁၃ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

မောင်ပြည့်ဖြိုးဟန်12/မဘန(နိုင်)125809နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-09959495566

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၄၊ ဦးပိုင်အမှတ် ၃၂၊ ၆၄x၆၅ ကြား၊ ၁၂၉x၁၃၀ လမ်းကြားရှိ ဦးဘိုကြီး အမည်ပေါက်တောဂရန် မြေကွက်အား တရားလို ဦးဇော်ဦးက တရားပြိုင် ဦးဘိုကြီး အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၄၉/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးဇော်ဦး ၅/ငဇန(နိုင်)၀၇၀၁၅၈က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဌ-၅၊ ဦးပိုင်အမှတ် ၅၂၊ ၆၈x၆၉ကြား၊ ကျန်စစ်သားxဇော်ဂျီလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၃၇၇/၉၀-၉၁)အရ ဦးထွန်းဦးခိုင် AE-၁၃၇၄၆၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဒေါ်စန်းစန်းလွင် ၉/မနတ(နိုင်) ၀၁၀၈၀၃မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၃၄၊ ဦးပိုင်အမှတ် ၆၉+၇၀၊ ၄၅x ၄၆ကြား၊ ၁၂၄x ၁၂၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ခင်ရေး ၉/မနမ(နိုင်)၀၂၁၃၀၁၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၅၆/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘိုရွှေ ၅/ကဘလ(နိုင်) ၀၄၈၁၈၇၊ ဦးမြင့်ဆွေ ၅/ကဘလ(နိုင်) ၀၂၄၉၀၉တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## "ရောဝတီထွန်းထွန်း(@user8192145498862) (Paid Partnership) (TikTok အကောင့်ပိုင်ရှင် ဦးထွန်းထွန်းဦး (၁၄/ဘကလ(နိုင်)၂၈၄၀၄၉)နှင့် အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဗိုလ်ဗိုလ်ဟန်ထွန်း(၁၂/ဒဂတ(နိုင်)၀၂၇၅၁၉) (ဒါရိုက်တာ) A4 Unity Construction Co.,Ltd, အမှတ်(၅)၊ မြသဇင်လမ်း၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဗိုလ်ဗိုလ်ဟန်ထွန်းနှင့် ဦးထွန်းထွန်းဦးတို့သည် (၁၄-၁-၂၀၂၅)ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ် တို့အတွင်းရှိရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး(၉)ရုံး အဆောက်အဦးဆောက်လုပ်ခြင်းလုပ်ငန်း Lot(8)အတွက် လုပ်ငန်းအပ်နှံခြင်း ကတိစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းလုပ်ကိုင်ခဲ့ကြပါသည်။ ထိုနောက်တွင် ဦးထွန်းထွန်းဦးမှ လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ သို့ပါလျက် (၂၁-၂-၂၀၂၅)ရက်နေ့တွင် ရှေ့နေမှတစ်ဆင့် အသိပေးအကြောင်းကြားစာ ပေးပို့သည့်အပေါ် ဦးဗိုလ်ဗိုလ်ဟန်ထွန်း ဘက်မှလည်း တရားဥပဒေနှင့်အညီ ယင်းအသိပေးအကြောင်းကြားစာ အပေါ်တွင် ပြန်လည်တုံ့ပြန်ဖြေရှင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးထွန်းထွန်းဦး မှ ဦးဗိုလ်ဗိုလ်ဟန်ထွန်းနှင့် ဒေါ်သင်းသီရိအောင် တို့အား အများသူငှာ ထင်ရောင်ထင်မှားဖြစ်စေသည့်၊ ဂုဏ်သိက္ခာကျဆင်းစေသည့် စာသားများနှင့် ပုတ်ခတ်စော်ကားသည့်စာသားများအား Online ပေါ်နှင့် Tik Tok user 8192145498862 အကောင့်ဖြင့် Post များတင်ထားကြောင်း သိရှိရပါသည်။ သို့ပါသောကြောင့် ဦးဗိုလ်ဗိုလ်ဟန်ထွန်းနှင့် ဒေါ်သင်းသီရိအောင်အပါအဝင် ၎င်းတို့၏ မိသားစုဝင်များနှင့် ပတ်သတ်၍ စွပ်စွဲရေးသားတင်ပြချက်များအပေါ် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးဗိုလ်ဗိုလ်ဟန်ထွန်း အား ကျေနပ်မှုရှိသည့်အတိုင်း တောင်းပန်ရန် အသိပေးကြေညာအပ်ပါသည်။ ထို့အပြင် ဦးဗိုလ်ဗိုလ်ဟန်ထွန်း နှင့် ဒေါ်သင်းသီရိအောင် အပါအဝင် ၎င်းတို့၏မိသားစုဝင်များနှင့် ပတ်သတ်၍ မဟုတ်မမှန် စွပ်စွဲရေးသားတင်ပြချက်များအပေါ် ဦးဗိုလ်ဗိုလ်ဟန်ထွန်းမှ ရောဝတီထွန်းထွန်း (@user8192145498862) (Paid Partnership) (Tik Tok) အကောင့်ပိုင်ရှင်(၁၄/ဘကလ(နိုင်)၂၈၄၀၄၉)အား ဥပဒေအရအရေးယူရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာငွေး**
**(LL.B,D.B.L,C.B.L,WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၂၉)**
**အမှတ်-၃၈(မြေညီ)၊ နီဗွာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၀၃၃၇၉, ၀၉-၄၂၀၀၉၅၂၂၀, ၀၉-၇၆၆၂၂၀၃၃၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် ဋ-၁၂၊ ဦးပိုင်အမှတ် ၆-ခ/၆၀Ax၆၀B ကြား၊ ၁၁၇xပရံတော်ချောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုနုရီ ၉/မနတ(နိုင်) ၀၆၈၂၅၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၂၀၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အိဘိုဘိုဖူး ၉/ခမစ(နိုင်)၀၆၁၁၀၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် ဋ-၁၂၊ ဦးပိုင်အမှတ် ၇-က၊ ၆၀Ax၆၀B ကြား၊ ၁၁၇xပရံတော်ချောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုနုရီ ၉/မနတ(နိုင်)၀၆၈၂၅၈၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ် (၁၁၂၀၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အိဘိုဘိုဖူး ၉/ခမစ(နိုင်)၀၆၁၁၀၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# ဖိတ်ကြားလွှာ

ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၉၉)ကြိမ်မြောက် အကျိုးတော်ဆောင် ဓမ္မကထိက ဆရာတော်များထံမှ ဩဝါဒခံယူ၊ ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် (၁၀)သိန်းအထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုပူဇော်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**
**ဖုန်း-၀၉-၂၅၄၈၉၁၆၇၀၊ ၀၉-၂၆၆၀၆၆၀၇၇။**

## အစီအစဉ်

